မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံသဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆရစ် မိုဟာမက် ခါတာမီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နှစ်ရှည်အကျိုးခံစားခွင့်ရရှိနိုင်

- ❑ ရော်ဘာသည် ပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရရှိသည့်အပြင် တစ်နှစ်ပတ်လုံးနီးပါး ရော်ဘာစေး ထုတ်ယူနိုင်သဖြင့် နှစ်ရှည်အကျိုးခံစားခွင့်ရရှိနိုင်။
- ❑ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး အလေးထားဆောင်ရွက်သွားကြရန်နှင့် ဒေသဆိုင်ရာ တာဝန်ခံများနှင့် ဌာနဆိုင်ရာများကလည်း လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားကြရန်လိုအပ်။

ပြည်ထောင်စုအကျိုးစီးပွား ဖြစ်ထွန်းတိုးတက်ရေးရှေးရှု အမျိုးသားရေးမူဝါဒများ ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည်အနာဂတ် ပြည်ထောင်စုနိုင်ငံတော် တည်တံ့ခိုင်မြဲရေးနှင့် ပြည်ထောင်စု၏ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်ရေးကို ရှေးရှု၍ ပြည်ထောင်စုတိုင်းရင်းသားတိုင်း ခေတ်အဆက်ဆက် ခံယူကျင့်သုံးကြရမည့် အမျိုးသားရေးမူဝါဒများကို ချမှတ်ထားပြီးဖြစ်ပါသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုး အားလုံး၏ အမျိုးသားရေးယုံကြည်ချက်၊ အမျိုးသားရေးခံယူချက်များဖြစ်သည်နှင့်အညီ ယင်းယုံကြည်ချက်၊ ခံယူချက်များသည်ပင်လျှင် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည့် အရေးကြီးဆုံးသော အမျိုးသားရေး မူဝါဒများဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ နွေစပါးစိုက်ပျိုးမှု ယခင်ကထက်တိုးတက်လာ ဒေသဝမ်းစာဖူလုံရေး လက်ရှိလူဦးရေအပြင် တိုးပွားလာမည့်လူဦးရေပါ ထည့်သွင်းစဉ်းစား စိုက်ပျိုးရေးနည်းလမ်းမျိုးစုံဖြင့် တိုးချဲ့စိုက်ပျိုးမှ ဒေသဝမ်းစာဖူလုံမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒီဂရီကောလိပ် နှစ်ထပ်စာသင်ဆောင် တိုးချဲ့တည်ဆောက်မည့် လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်း

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန် စတင်ယူစဉ်ကပင် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု၊ လုံခြုံမှုရှိလာစေရန် ကြိုးပမ်းတည်ဆောက်ခဲ့သည်။ ထို့နောက် တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး တိုင်းရင်းသားအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းကြီးသုံးခုကို ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့ကာလတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူများ မျှဝေခံစားနေကြရပြီ ဖြစ်သည်။

နိုင်ငံတော်က ဖန်တီး ဖော်ဆောင်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များအနက် အနာဂတ်နိုင်ငံတော်အတွက် လူငယ်လူရွယ် ပညာရှင်များ မွေးထုတ်ပေးနိုင်မည့် နည်းပညာတက္ကသိုလ်၊ ကောလိပ်များ၊ ကွန်ပျူတာတက္ကသိုလ် ကောလိပ်များ တစ်နိုင်ငံလုံးဖြန့်ကြက်တည်ဆောက်ပေးခဲ့ရာ တိုင်းရင်းသား လူငယ်လူရွယ်များ ကိုယ့်အရပ်ကိုယ့်ဒေသ၌ပင် အိုးမကွာအိမ်မကွာ ပညာသင်ယူမှု အခွင့်အလမ်းများ ရရှိနေကြပြီ ဖြစ်သည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အစိုးရကွန်ပျူတာကောလိပ် (ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်ပြီး အမှာစကားပြောကြားရာ၌-

"နိုင်ငံတော်အစိုးရအပိုင်းက နိုင်ငံ့တာဝန်များကို ကျေကျေပွန်ပွန် ဆောင်ရွက်နေသကဲ့သို့ ဒေသခံ ပြည်သူများအပိုင်းကလည်း နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် မိမိတို့၏ အကျိုးစီးပွားအပြင်၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက်ပါ နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းပြီး တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတော်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး ယင်းဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်များကိုလည်း တိုင်းရင်းသားအားလုံး မျှမျှတတနှင့် စဉ်ဆက်မပြတ် မျှဝေခံစားသွားကြရမှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံ၏ အစွန်အဖျားကျသည့် ဝေးလံသောနယ်စပ်ဒေသများသည် တစ်ချိန်သောအခါက နယ်ချဲ့၏ သွေးခွဲမှုကြောင့် တည်ငြိမ်အေးချမ်းမှုလျော့နည်းပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်ခဲ့ရသည်။

တပ်မတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

သာဓကအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လေယာဉ်ကွင်းသစ်တည်ဆောက်ပေးမှု၊ ကားလမ်းများ ပြုပြင်ပေးမှု၊ ကျန်းမာရေးအတွက် ခုတင်(၂၀၀)ဆံ့ဆေးရုံကြီး ဆောက်လုပ်ပေးမှု၊ ကျွမ်းကျင်သည့်ဆရာဝန်များ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများဖြည့်ဆည်းပေးမှု၊ ပညာရေးအပိုင်းတွင် ဒီဂရီ၊ ကောလိပ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်ပေးမှု စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုတစ်ဖန် ကျိုင်းတုံမြို့တွင် လှပခံ့ညားထည်ဝါသည့် အစိုးရကွန်ပျူတာကောလိပ် ပင်မအဆောက်အအုံသစ်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အပြင် မကြာမီကာလ၌လည်း အစိုးရနည်းပညာကောလိပ်အဆောက်အအုံသစ်ကြီးကို ဆက်တိုက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များအတွက် အဆင့်မြင့်နည်းပညာသင်ယူမှု အခွင့်အလမ်းများ ဆက်လက်တိုးပွားလာတော့မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က တည်ဆောက်ပေးထားသည့်လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ၊ ဆေးရုံများ၊တက္ကသိုလ်၊ကောလိပ်များကို ရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတော်အကျိုး ဆပွားတိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီး အကဲများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

	အမည်၊လက်ရှိရာထူး၊ဌာန	ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ဌာန
(က)	ဦးကျော်မြင့်ဦး ပါမောက္ခချုပ် တောင်ငူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဒဂုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ)	ဦးကျော်ရဲထွန်း ပါမောက္ခချုပ် ကလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် တောင်ငူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဦးခင်မောင်တင် ကျောင်းအုပ်ကြီး ဗန်းမော်ဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ကျောင်းအုပ်ကြီး ရွှေဘိုဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာန မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထွေထွေမန်နေဂျာ ဦးထွန်းလှိုင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးသစ် တရုတ်သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်

ပေကျင်း ဖေဖော်ဝါရီ ၉

တရုတ်သိပ္ပံပညာရှင်များသည် ကြက်ငှက်တုပ်ကွေး ပျံ့နှံ့ဖြစ်ပွားမှုကို တားဆီးဟန့်တားနိုင်သော ကာကွယ်ဆေးသစ်တစ်မျိုးကို တီထွင်ထားကြောင်း တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်ဟု တနင်္လာနေ့ထုတ် ချိုင်းနားဒေလီ သတင်းစာက ရေးသားဖော်ပြလိုက်သည်။

အဆိုပါ ကာကွယ်ဆေးသစ်သည် ကြက်ငှက်များ တုပ်ကွေး ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ လျော့ကျစေနိုင်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ယင်းကာကွယ်ဆေးသစ်ကို ဟာဘင်တိရစ္ဆာန်ဆေးကုသရေး သုတေသနဌာန တိရစ္ဆာန်များ တုပ်ကွေးရောဂါဖြစ်ပွားမှု ဓာတ်ခွဲခန်း သိပ္ပံပညာရှင်များက တီထွင်ဖော်ထုတ်ခဲ့ခြင်းဖြစ်ပြီး ကြက်ငှက်နှင့် နို့တိုက် တိရစ္ဆာန်များအား ကာကွယ်ဆေးကို တီထွင်ဖော်စပ်ရန်အတွက် ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇဆဲလ်များ ဖြစ်စဉ်ကို ပြောင်းလဲပြီး တီထွင်ဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ယခုအသစ်တီထွင်ဖော်စပ်လိုက်သော ကြက်ငှက် တုပ်ကွေး ကာကွယ်ဆေးသည် ကြက်များကို ၁၀လ ထက်မနည်း ကာကွယ်ပေးနိုင်ရာ လက်ရှိကြက်ငှက် တုပ်ကွေးကာကွယ်ဆေးထက် လေးလကျော် သက်တမ်း ပိုရှည်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သီရိလင်္ကာ လက်ဖက်ခြောက်တင်ပို့မှု ၂၀၀၄ခုနှစ်တွင် ဒေါ်လာ ၇၄၈သန်းရရှိခဲ့

ကိုလံဘို ဖေဖော်ဝါရီ ၇

သီရိလင်္ကာနိုင်ငံသည် ၂၀၀၄ခုနှစ်က လက်ဖက်ခြောက် ကီလိုသန်းပေါင်း ၃၀၀ဒသမ၃သန်း တင်ပို့ရောင်းချခဲ့ကြောင်း၊ ယင်းရောင်းချရမှုမှာ သီရိလင်္ကာနိုင်ငံအတွက် သမိုင်းမှတ်တိုင်သစ် ဖြစ်ကြောင်း အိုင်းလန်းသတင်းစာက စနေနေ့တွင် ဖော်ပြသည်။

ပို့ခဲ့

အဆိုပါသတင်းစာက ဖော်ပြရာတွင် ၂၀၀၄ခုနှစ် သီရိလင်္ကာနိုင်ငံ၏ လက်ဖက်ခြောက် တင်ပို့မှုသည် ၂၀၀၃ခုနှစ်က တင်ပို့ခဲ့သည့် လက်ဖက်ခြောက် ကီလိုသန်းပေါင်း ၂၉၈ ဒသမ ၃သန်းထက် နှစ်သန်းပိုခဲ့ကြောင်း ဖော်ပြထားသည်။

ရရှိ

ပို့ကုန်တန်ဖိုးမှာလည်း ၂၀၀၃ခုနှစ်က အမေရိကန်ဒေါ်လာ ၆၅၉သန်း ရရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၄၈သန်း ရရှိခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၁၉၉၈ခုနှစ်က လက်ဖက်ခြောက် ကီလိုသန်းပေါင်း ၂၇၁သန်း တင်ပို့ခဲ့ရာ ဒေါ်လာ ၇၄၃သန်းရရှိခဲ့ချိန်မှစပြီး ၂၀၀၄ခုနှစ်သည် အမြင့်ဆုံးစာရင်းဖြစ်ခဲ့သည်။

တင်ပို့

အရှေ့အလယ်ပိုင်းသည် ၂၀၀၄ခုနှစ်တွင် လက်ဖက်ခြောက်ကို ပို့ကုန်အားလုံး၏ ၅၀ရာခိုင်နှုန်း သို့မဟုတ် ၁၅၁ကီလိုသာ တင်ပို့နိုင်ခဲ့ကြောင်း၊ ရုရှားက ယင်းနောက်မှ ကီလို ၇၅သန်း တင်ပို့ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနတစ်ခု ထူထောင်ရန် ဆော်ဒီမင်းသားအဗ္ဗဒူလာက နိုင်ငံများအား တိုက်တွန်း

ရီယာဒ့် ဖေဖော်ဝါရီ ၉

အကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ဖျက်ရာတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၌ နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်တိုက်ဖျက်ရေးဌာနတစ်ခု ထူထောင်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံ မင်းသားအဗ္ဗဒူလာဘင်အဒူအဇစ်က မကြာမီကဆော်ဩလိုက်ကြောင်း သိရသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးဌာနတစ်ခုကို ထူထောင်ရန် ကမ္ဘာ့နိုင်ငံများအား မိမိတိုက်တွန်းကြောင်း သို့မှသာ ယင်းနယ်ပယ်မှ ကျွမ်းကျင်သူများက လုပ်ငန်းများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း လေးရက်ကြာ ကျင်းပမည့်နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုဆန့်ကျင်ကာကွယ်ရေးညီလာခံ အဖွင့်မိန့်ခွန်းတွင် မင်းသားအဗ္ဗဒူလာဘင်အဒူအဇစ်က ပြောကြားခြင်းဖြစ်သည်။

နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခု ထူထောင်ရန် နိုင်ငံအများက ပူးပေါင်းဆောင်ရွက်မှု၏ စာမျက်နှာသစ်ကို ယခုညီလာခံက ဆောင်ရွက်ဖွင့်လှစ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း မင်းသား အဗ္ဗဒူလာဘင်က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံရီယာ့ဒ်မြို့တွင် ကျင်းပသည့် အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၆၀ ခန့်မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် နည်းလမ်းများကို အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးနိုင်ငံတကာဆိုင်ရာ ဌာနတစ်ခုထူထောင်ရန်လည်း ဆွေးနွေးကြမည်ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ နှင့် တာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးဗိုလ်ချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်အရှင်သူမြတ်တို့ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိ ပြည်သူများအပိုင်းကလည်း မိမိတို့လူမှုဘဝဖွံ့ဖြိုးရေး ကိုယ်တိုင်ဝီရိယစိုက်ထုတ်

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဖန်ဝိန်းကျေးရွာရှိ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ နွေစပါးစိုက်ဒေသခံ တောင်သူလယ်သမားများအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံဒီဂရီကောလိပ်သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စည်းဝေးခန်းမ၌ ကျောင်းအုပ်ကြီးဦးအောင်ညွန့်နှင့် ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေတို့က သင်ကြားစီမံကိန်းများကိုလည်းကောင်း၊ တည်ဆောက်ပြီး ၂၄ခန်းပါ ပင်မသုံးထပ်ဆောင်နှင့် စာသင်ဆောင်လုပ်ငန်းများ၊ တည်ဆောက်မည့် နှစ်ထပ်စာသင်ဆောင် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလတ်ကျေးရွာအုပ်စုတွင် စီးပွားဖြစ် ရော်ဘာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေသော တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦး၏ ရော်ဘာစိုက်ခင်းကို တွေ့မြင်ရစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တာဝန်ရှိသူများ၊ ဆရာ ဆရာမများအား မှာကြားရာတွင် နိုင်ငံတော်က အားထားရမည့် အရည်အသွေးပြည့်ဝသူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေး၊ ဒီဂရီကောလိပ်၏ Master Plan အရ နှစ်အလိုက်တိုးတက်လာမည့် ကျောင်းသားဦးရေအတွက် အမှန်တကယ်လိုအပ်မည့် အဆောက်အအုံများကိုသာ အဆင့်လိုက် တိုးချဲ့တည်ဆောက်သွားရေးမှာကြားပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံဒီဂရီ ကောလိပ်နှစ်ထပ်စာသင်ဆောင် တိုးချဲ့တည်ဆောက်မည့်လုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကြိုဆို

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ခုတင်(၂၀၀)ဆံ့ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမြင့်အောင်၊ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးကြည်စိုးနှင့် သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာမကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

စိုက်ပျိုးဝင်ငွေတိုးတက်ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်

- ယခုစိုက်ပျိုးလျက်ရှိသည့် ရွှေရင်အေးမျိုးစပါးမှာ ဒေသနှင့်ကိုက်ညီပြီး တစ်ဧကတင်း ၁၀၀ကျော် ထွက်ရှိသည့် အပြင် စားသုံးသူများကြိုက်နှစ်သက်သည့် အရည်အသွေးရှိသော စပါးမျိုးဖြစ်၊
- အခြေခံလိုအပ်ချက်များ ပြည့်စုံအောင် တစ်နှစ်လျှင် တစ်သီးစားသာ စိုက်ပျိုးနေရာမှ နှစ်သီးစား၊ သုံးသီးစား အထိစိုက်ပျိုးပြီး ဝင်ငွေတိုးတက်ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်။

စာမျက်နှာ ၃ မှ

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုသဆောင်၊ မျက်စိရောဂါကုသဆောင်တို့တွင် တက်ရောက်ဆေးဝါးကုသခံယူလျက်ရှိကြသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ပညာပေးလုပ်ငန်းတိုးချဲ့

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆေးရုံတာဝန်ရှိသူများအား ဤဒေသတွင် အထူးကုဆေးရုံကြီး ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်သကဲ့သို့ ဒေသအတွင်း ရာသီအလိုက်ဖြစ်လေ့ဖြစ်ထရှိသည့်ရောဂါများ ကြိုတင်တားဆီးရေး ပညာပေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားရေးမှာကြားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဖန်ဝိန်းကျေးရွာသို့ သွားရောက်ပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ နွေစပါးစိုက် ဒေသခံတောင်သူလယ်သမားများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးဧက ၁၄၁၀၀ကျော်စိုက်ပျိုးပြီးစီးမှု၊ ကျိုင်းတုံခရိုင်တစ်ခုတည်းတွင် နွေစပါးဧက ၅၄၂၀ စိုက်ပျိုးထားမှု၊ စိုက်ပျိုးထားသည့် နွေစပါး အမျိုးအစားများ၊ ယခင်နှစ်ထက်နွေစပါးဧက ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း နွေစပါးဧက ၂၀၀၀၀ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ဆွေးနွေးမှာကြားရာတွင် ယခုတက်ရောက်လာကြသော ယန်းလောကျေးရွာအုပ်စုမှ တောင်သူဦးကြီးများမှာ မိုးစပါးအပြင် နွေစပါးကိုပါ စိုက်ပျိုးနေကြသူများဖြစ်ကြောင်း၊ ယခုစိုက်ပျိုးလျက်ရှိသည့် ရွှေရင်အေးမျိုးစပါးမှာ ဒေသနှင့်ကိုက်ညီပြီး တစ်ဧကတင်း ၁၀၀ကျော်ထွက်ရှိသည့်အပြင် စားသုံးသူများကြိုက်နှစ်သက်သည့် အရည်အသွေးရှိသော စပါးမျိုးဖြစ်ကြောင်း။

နည်းလမ်းစုံဖြင့်စိုက်ပျိုး

ရှမ်းပြည်နယ် (အရှေ့ပိုင်း)အနေဖြင့် ယခင်က နွေစပါးစိုက်ဧက ၁၃၀၀၀ရှိရာမှ ယခုအခါ နွေစပါးဧက ၂၀၀၀၀ကျော်အထိတိုးတက်စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်တစ်ခုချင်းအလိုက်၊ ဒေသတစ်ခုချင်းအလိုက် ဝမ်းစာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု သီးထပ်စွမ်းအားတိုးမြှင့်စိုက်ပျိုးရေး၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်ကောင်းမျိုးများ အစားထိုးစိုက်ပျိုးခြင်း၊ လိုအပ်သည့် မြေဩဇာများသုံးစွဲခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်ရာတွင်လည်း လက်ရှိလူဦးရေအပြင် တစ်နေ့တခြားတိုးပွားလျက်ရှိသည့် လူဦးရေအခြေအနေကိုပါ ထည့်သွင်းစဉ်းစားပြီး စိုက်ပျိုးရေးနည်းလမ်းမျိုးစုံဖြင့် တိုးချဲ့စိုက်ပျိုးသွားကြရန် လိုကြောင်း။

ထို့အပြင် မိမိတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးတို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များအတွက်ပါ ပြည့်စုံအောင် ကြိုးပမ်းစိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း။

နှစ်ရှည်အကျိုးခံစားခွင့်ရှိ

အဆိုပါ လိုအပ်ချက်များပြည့်စုံအောင် တစ်နှစ်လျှင် တစ်သီးစားသာစိုက်ပျိုးနေရာမှ နှစ်သီးစား၊ သုံးသီးစားအထိစိုက်ပျိုးပြီး ဝင်ငွေတိုးတက်ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးနှင့်အတူတွဲဖက်ပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုပါ ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ ထို့ပြင်မိမိတို့အတွက် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေသည့် ရော်ဘာစိုက်ပျိုးခြင်းကိုလည်း အလေးထားဆောင်ရွက်သွားကြရန် တစ်ဆက်တည်းမှာကြားလိုကြောင်း၊ ရော်ဘာသည် ပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရရှိသည့်အပြင် တစ်နှစ်ပတ်လုံးနီးပါး ရော်ဘာစေးထုတ်ယူနိုင်သဖြင့် နှစ်ရှည်အကျိုးခံစားခွင့်ရရှိနိုင်ကြောင်း။

ကူညီပံ့ပိုး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရော်ဘာစိုက်ပျိုးပြီး ယခုလက်ရှိ အကျိုးခံစားခွင့်ရရှိနေကြပြီဖြစ်သည်ကိုလည်း လက်တွေ့သိရှိနေကြရပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်သွားကြရန်နှင့်ဒေသဆိုင်ရာတာဝန်ခံများနှင့် ဌာနဆိုင်ရာများကလည်း လိုအပ်သည်များ ကူညီပံ့ပိုးမှုများပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာရေးအတွက် အခြေခံလိုအပ်ချက်များကို စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်းမိမိတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင်ဝီရိယစိုက်ထုတ်ပြီး အလုပ်လုပ်ကိုင်သွားကြရန် လိုကြောင်းဖြင့် ပြောကြားပြီး ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်းတို့ကို ကြည့်ရှုသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်စခန်းရုံးမိသားစု၏ ရာသီသီးနှံစိုက်ခင်းကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် စခန်းရုံးမိသားစု၏ ရာသီသီးနှံစိုက်ခင်းတွင် ပန်းဂေါ်ဖီ၊ ဆလတ်၊ ချဉ်ပေါင်၊ ငရုတ်၊ သီးပင်မျိုးစုံတို့အပြင် နာနတ် ၁၂၅၀၀၊ စိန်တစ်လုံးသရက် ၁၀၀၀၊ ဟော်လန်သံပရာ ၄၅၀၊ လိုင်ချီး ၂၅၀၊ နှင်းသီး ၅၀တို့ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး အယ်လ်ဝိုင်တီ အမျိုးအစား ဝက်ကောင်ရေ ၁၂၀၊ ဘဲကောင်ရေ ၂၀၀၀ တို့ကိုလည်း မွေးမြူထားကြောင်း သိရသည်။

အောင်မြင်ဖြစ်ထွန်း

ထို့အတူ ကျိုင်းတုံမြို့နယ် မိုင်းလတ်ကျေးရွာ အုပ်စုတွင်း တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များက ရော်ဘာ ၁၇၈၈ ဧက စိုက်ပျိုးထားရာ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီ၁၅ မိနစ်တွင် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး စာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများဖြစ်ကြသော ကျိုင်းယင်းကျောင်း၊ ဓမ္မောဒယကျောင်း၊ ကျိုင်းငမ်းကျောင်း၊ ဟိုခုံကျောင်း၊ တူးယားကျောင်း၊ မောက်မယ်ကျောင်း၊ စိန်ပန်းကျောင်း၊ ဇေတဝန်ကျောင်း၊ သာသနာ့ဝေပုလ္လကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံများနှင့် မိသားစုများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီးများနှင့် အလှူရှင်များသည် ဆရာတော် သံဃာတော်များထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ ဓမ္မောဒယကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်အိတ် ၁၀၀၊ ဆီ ၁၀ ပုံးနှင့် လှူဖွယ်ပစ္စည်းများဖြစ်ကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ကျိုင်းတုံမြို့မှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေရတုနှစ် (၅၀)ပြည့် ပြည်နယ်နှင့်တိုင်း(ပြည်ထောင်စုဒိုင်း) အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်အားပေးပြီးဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရွှေရတုနှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း(ပြည်ထောင်စုဒိုင်း)အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်း(သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးပြီး ဆုများချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဘောလုံးအားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗိုလ်လုပွဲ၏ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုရ မန္တလေးတိုင်းမှ အောင်အောင်အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်ကလည်းကောင်း၊ တတိယဆုရရှိသော စစ်ကိုင်းတိုင်းနှင့် ဒုတိယဆုရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့အား တစ်ဦးချင်းဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ကလည်းကောင်း၊ အသန့်ရှင်းဆုံးဆုရရှိသော စစ်ကိုင်းတိုင်းအသင်းနှင့် ပွဲစဉ်တစ်လျှောက်နေရာအလိုက် အကောင်းဆုံးဘောလုံးသမားဆုများနှင့် အကောင်းဆုံးဘောလုံးသမားဆုကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေရတုနှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း(ပြည်ထောင်စုဒိုင်း) အမျိုးသားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် မန္တလေးတိုင်းအသင်းအား ပြည်ထောင်စုဒိုင်းကြီးကို ပေးအပ်ချီးမြှင့်စဉ်။(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကဆုရအသင်းများဖြစ်ကြသည့် စတုတ္ထဆုရ မွန်ပြည်နယ်အသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်း၊ တတိယဆုရစစ်ကိုင်းတိုင်းအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၅သိန်း၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအား ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ကိုလည်းကောင်း၊ ပထမဆုရ မန္တလေးတိုင်းအသင်းအား တစ်ဦးချင်းရွှေတံဆိပ်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဒိုင်းချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် က ရွှေရတုနှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း(ပြည်ထောင်စုဒိုင်း)အမျိုးသားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် မန္တလေးတိုင်းအသင်းအား ပြည်ထောင်စုဒိုင်းဆုကြီးကို လည်းကောင်း၊ ဆင့်ပွားဒိုင်းကိုလည်းကောင်း၊ ဂုဏ်ပြုဆုငွေကျပ် ၂၅သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းမိတ္ထီလာမြို့ကျိုးတော်ကုန်းရပ် ဘုရားရဟန္တာစေတီတော်၊ မွေတော်များ ကိန်းဝပ်စံပယ်တော်မူရာ ဝမ်းတော်ပြည့် ပရိယတ္တိ ပရိပတ္တိ သာသနာပြုကျောင်းတိုက်ကြီး၌ ဆရာတော် ဘဒ္ဒန္တဇနိတ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယဝိနယပါဠိပါရဂူ) နှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝံဂီသ (ဓမ္မာစရိယ)တို့ကကြီးမှူး၍ ၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၆၊၇၊၈ ရက်များတွင် ကျင်းပပူဇော်မည်ဖြစ်သည်။

လှူဒါန်းလိုပါက ဖုန်း-၀၆၄-၂၁၆၁၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

● **ကျော်ဖုံးမှ**

တံတားဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တံတားတည်ဆောက်ရေး တာဝန်ခံနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၃ မြို့နယ်မှ ပြည်သူများ၊ ပန်းလှိုင် အရဏ်တော်ဝတ်အသင်း၊ မင်္ဂလာစည်တော်အဖွဲ့၊ အခြေခံပညာကျောင်းမှ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၆၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက နာနတ်တောခုံးကျော်တံတား တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် တံတားဆိုင်ရာ အချက်အလက်များကို ဖတ်ကြားတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး၊ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်၊ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် နာနတ်တော ခုံးကျော်တံတား မုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်အခါဖြစ်သည့် နံနက် ၇နာရီ ၁၁မိနစ်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က နာနတ်တော ခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် နာနတ်တော ခုံးကျော်တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

(အပေါ်ပုံ)

ထို့နောက် တံတားတစ်ဖက်ထိပ်ရှိမုခ်ဦးရှေ့၌ တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

အဆိုပါ နာနတ်တော ခုံးကျော်တံတားသည် ရန်ကုန်မြို့တော်၏ ဂုဏ်အင်္ဂါနှင့်အညီ လှပသေသပ် ခိုင်ခံ့စွာ တည်ဆောက်ထားသော တံတားဖြစ်သည်နှင့်အညီ တံတားဖွင့်ပွဲ အကြိုညနှင့် ယနေ့ညတို့တွင် ရောင်စုံ လျှပ်စစ်မီးများဖြင့် တန်ဆာဆင် ထွန်းညှိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၂-၂၀၀၅
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနယ်ဥ်
၈:၁၀	၇။	(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၈၂၀း	၈။	လမ်းတံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၁၅	၆။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၃၀	၇။	နှောင်းခေတ်တေးပဒေသာ
၁၇:၄၅	၈။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၁၈:၀၀	၉။	Discovery
၁၈:၀၅	၁၀။	**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
၁၈:၁၅	၁၁။	နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ချီ၊ စစ်ရေး၊ တေးပြိုင်ပွဲအကြောင်း သိကောင်းစရာ (အပိုင်း-၂)
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၆)
၁၉:၃၅	၁၅။	ကျား--ကျား မီးယပ်ရပ်တန်း ကရပ် ဆွေးနွေးခန်း (အပိုင်း-၁)
	၁၆။	**ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု" (မန္တလေးတိုင်း)**
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာရုပ်ရှင် **"အချစ်သည်လေပြေ"** ဒွေး၊ စိုင်းဘိုဘို၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ စမိုင်းလ်၊ နဝရတ် (ဒါရိုက်တာ-ကိုအောင်မင်းသိမ်း)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

အလုံမြို့နယ် နှလုံးသားအာရုံ၏ (၄)ကြိမ်မြောက် ဓမ္မပူဇာအစီအစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက်ည ကစ္ဆပနဒီ အရှင် နရိန္ဒာဓိပတိ၊ ၁၂ ရက်ည နေလကမ္ဘာ ဆရာတော်ဘဒ္ဒန္တဥက္ကာသေန (ဓမ္မကထိက)၊ ၁၃ ရက်ည ဆရာတော် ဦးကောသလ္လ (ဓမ္မကထိက)၊၁၄ ရက်ည မေတ္တာကျောင်းဆရာတော် အရှင်ကုမာရ၊ ၁၅ ရက်ည ဘဒ္ဒန္တအရိယဝံသ၊ ၁၆ ရက်ည ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၊ ၁၇ ရက်ည ဘဒ္ဒန္တဥတ္တရ၊ ၁၈ ရက်ည မွေးမေ့မေတ္တာ ဦးကောသလ္လတို့က ညစဉ် ၆ နာရီတွင် အောင်ဇေယျလမ်းထိပ်နှင့် ဆင်မင်းလမ်းထောင့် လွတ်လပ်ရေးရပ်ကွက် အလုံမြို့နယ်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ယူကရိန်းနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန်သဘောတူ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးမစ္စတာရှော့စ်တီစလပ်၊ မီထရိဖန်နိုဗစ်(ချ်)၊ ဘီလိုဒစ်၏ နေရာတွင် မစ္စတာအီဟော၊ ဟူမန်နီအား ခန့်အပ်ရန် ယူကရိန်းနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာအီဟော၊ဟူမန်နီသည် ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၇၉ ခုနှစ်တွင် ကီးယက်နိုင်ငံတော်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ယူကရိန်းနိုင်ငံတော် စာရင်းအင်းကော်မတီ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၂ ခုနှစ်အထိ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာန၌လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ယူကရိန်းအမြဲတမ်းကိုယ်စားလှယ်ရုံး၌လည်းကောင်း၊ ထို့နောက် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာန ဘဏ္ဍာရေး စီမံခန့်ခွဲမှုဌာနအကြီးအကဲအဖြစ် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှအစပြု၍ ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ယူကရိန်းသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

မစ္စတာ အီဟော၊ဟူမန်နီသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာကာမဲခါရာဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကျင်းပသော ဘုရားဖြူဓမ္မသဘင်တွင် ဖေဖော်ဝါရီ ၁၂ ရက်၌ မြိုင်ဆရာတော် အရှင်ပညာဇောတနှင့် ၁၃ ရက်၌ စွန်းလွန်းဆရာတော်အရှင်သုန္ဒရတို့က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ညစဉ်တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရေဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ၉ ရက် နံနက် ၇ နာရီတွင် ဧရာဝတီတိုင်း ဖျာပုံခရိုင် ထင်းကွင်းကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၄၄၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဖျာပုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးကြိုင်က ဆောင်ရွက်၍ အဘာပတိအဖွဲ့ဝင်များအဖြစ် ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဌေး၊ ထင်းကွင်းကျေးရွာမှ ရပ်မိရပ်ဖ ဦးမြဟန်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်ဌေးဌေးရီ၊ ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စန်းရီတို့ ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဖွေးဖွေးစုနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်မာမာဖြိုးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက်အဘာပတိ ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးကြိုင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကျန်းမာရေးအဖွဲ့ငယ်ခေါင်းဆောင် ဒေါက်တာချယ်ရီလင်းကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဦးဌေးဝင်းကလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်း ဖျာပုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောအောင်ချစ်ဆွေကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဖျာပုံခရိုင် ဖျာပုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်တင်တင်ညိုက ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာပတိက အခမ်းအနားသို့တက်ရောက်လာသော ပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူပြီး အစည်းအဝေးကြီးက အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများက **'ပြည်မြန်မာ'** သီချင်းနှင့် **'ရာသက်ပန်ပြည်ထောင်စု'** တေးသီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၈ နာရီ မိနစ် ၂၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ်အလှူငွေပေးအပ်လှူဒါန်းပွဲ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စေတနာရှင်အလှူရှင်များက နှစ်(၆၀)ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် ပထမအကြိမ် အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အလှူငွေများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော မြဝတီထရေးဒင်းနှင့် အကျိုးတူကုမ္ပဏီများက ငွေကျပ် ၁၀၄၀၀၀၀၀၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီနှင့် အကျိုးတူကုမ္ပဏီများက ငွေကျပ် ၃၅၀၀၀၀၀၊ ရှော့သ်မင်အော့ဖ် ပေါမောလ်မြန်မာပရိုက်ဗစ် လီမိတက်က ငွေကျပ် ၃၀၀၀၀၀၀၊ မြန်မာဘရူဝါရီလီမိတက်က ငွေကျပ် ၃၀၀၀၀၀၀၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ်၅၀၀၀၀၀၊မြဝတီဘဏ်လီမိတက်က ငွေကျပ် ၃၀၀၀၀၀၊ မြန်မာရှုဘီအင်တာပရိုက်နှင့် အကျိုးတူကုမ္ပဏီများက ငွေကျပ် ၁၅၀၀၀၀၀၊ မြန်မာပေါ်စကိုစတီးကုမ္ပဏီလီမိတက်က ငွေကျပ် ၃၀၀၀၀၀၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက ငွေကျပ် ၁၀၀၀၀၀၀၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် ၁၅၀၀၀၀၀၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ငွေကျပ် ၃၀၀၀၀၀၊ ကမ္ဘောဇဘဏ် လီမိတက်က ငွေကျပ် ၃၀၀၀၀၀၀၊ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း(ခနအောင် ဂရုပရိုဒတ်ရှင်းကုမ္ပဏီလီမိတက်) က ငွေကျပ် ၂၅၀၀၀၀၀၊ ဦးမြင့်သန်းဝင်း (ခ)ဦးမင်းမောင်မောင်-ဒေါ်တင်တင်အောင် (Sakura City စားသောက်ဆိုင်)တို့က ငွေကျပ် ၂၀၀၀၀၀ နှင့် ငွေကျပ် ၁၃၂၀၀၀၀ တန်ဖိုးရှိ ငါးသေတ္တာဘူး ၂၄၀၀၊ ဦးကျော်ကျော်-ဒေါ်မေလွင်ထွန်း (ကေဝိုင်ကျော်ကျော်ထရေးဒင်းကုမ္ပဏီလီမိတက်) က ငွေကျပ် ၁၅၀၀၀၀၀၊ ဒေါ်အားရွယ် (Gold Advertising Co.,Ltd.) က ငွေကျပ် ၁၆၅၀၀၀၀ တန်ဖိုးရှိ နီယွန်လိုက်ဘောက်တစ်ခု၊ဦးလှမြင့်- ဒေါ်ရီရီညွန့် (မြင့်မိသားစုကုမ္ပဏီလီမိတက်)၊ ဒဂုံဆိပ်ကမ်းမြို့ ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်နှင့် သီရိသုခမ္မမဏိဇောတရေ ဦးမြတ်လွင်-ဒေါ်မြတ်မြတ်စိုး (မြတ်သပြေကုမ္ပဏီလီမိတက်)တို့က ငွေကျပ် ၅၀၀၀၀၀စီ၊ ဦးသူရလွင် (ဖိုးလပြည့်ကုမ္ပဏီ)က ငွေကျပ် ၆၄၈၀၀၀ တန်ဖိုးရှိ စီပလပ်(စ်) အချိုရည်ပုံး ၁၀၀၊ အဏ္ဏဝါရေလုပ်ငန်း ကုမ္ပဏီလီမိတက်က ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ငါးပိဿာ ၁၅၀၀၊ ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း) (မြန်မာ့ကုန်တိုက်ဘွဲ့ဝတ်စုံလုပ်ငန်း) နှင့် မြန်မာ့စက်မှုဆိပ်ကမ်း (MIP မိသားစု) တို့က ငွေကျပ် ၅၀၀၀၀၀စီ၊ ဦးအောင်မွန်-ဒေါ်လှလှမွန် (မြင့်မြတ် ဆန်စပါးရောင်းဝယ်ရေး)က ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ဦးစိုင်းဝင်းနိုင်-ဒေါ်မျိုးမျိုးခိုင် (လှိုင်မြို့နယ်)က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ သိင်္ဂီရွှေရည် ဓာတ်ပုံတိုက်က ငွေကျပ် ၃၀၀၀၀၀၊ ဆရာကြီးဦးသန်းနိုင်-ဆရာမ ဒေါ်စန်းစန်းမြင့် (မူလအလင်းရောင်ဆေးတိုက်) က ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေး ၆၃ ဒါဇင်၊ ဟာဂျီမောင်မောင်ကြည်-မချို (ဂေါ်ပြား၊စာရေးကိရိယာနှင့် စာအုပ်ချုပ်လုပ်ငန်း)က ငွေကျပ် ၂၀၀၀၀၀၊ ဦးဖြေ-ဒေါ်မေကြည် (ဒေဝယက္ခမန်းဆေး)က ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ မန်းဆေးဘူး ၁၀၀၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး)က ငွေကျပ် ၁၆၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၊ ဒေါ်လှလှရင် (ဝိဇ္ဇာမျက်လုံးဆေးတိုက်) က ငွေကျပ် ၁၂၉၆၀၀ တန်ဖိုးရှိ ဆင်တုံးမနွယ် အကြောဖြေလိမ်းဆေး ၇၂ ဒါဇင်၊မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးအဖွဲ့ချုပ်က ငွေကျပ်၁၁၀၀၀၀၊ ကိုထင်ဌေးအောင် (ရန့်ကောင်း စားသောက်ဆိုင်)၊ ဦးငြိမ်း-ဒေါ်အုန်းကြင် (အိုကေဆန်ဆီရောင်းဝယ်ရေး) ဟာဂျီ ဦးခင်မောင်သန်း (လစန္ဒာပုံနှိပ်မင်နှင့် စက္ကူရောင်းဝယ်ရေး)၊ ဟာဂျီ ဦးအောင်ထွေး (ကိုင်ရှိအပ်ချုပ်ဆိုင်)၊ ဟာဂျီ ဦးညီညီထွန်း (ချာချီးယားကုမ္ပဏီ)၊ ကိုမျိုးဝင်း (ပိုလိုဆေးတိုက်)၊ ဦးတင်မြင့်နီ (နီလာဒံပေါက်နှင့်အအေး)၊ ဦးဇော်မင်း (ဇော်မင်းထရေဒင်းကုမ္ပဏီလီမိတက်)၊ ဦးစိုးမင်း (ဂျေကေဝိုင် ကုမ္ပဏီလီမိတက်)၊ ဟာဂျီ ဦးနိုရလ်အာပိန် (ရွှေမြန်မာအောင် သွင်းကုန်ထုတ်ကုန်ကုမ္ပဏီ) နှင့် ဦးလှစိန်-ဒေါ်အမာလေး (သီရိချောင်းသာ ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ်) တို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ ဦးလှဝင်း-ဒေါ်လဲ့လဲ့ဝင်း (ဆန်းသစ်ဝင်း သင်္ဘောဆေးရောင်းဝယ်ရေး)ကငွေကျပ်၅၀၀၀၀၊ဦးရှန်လွန်း (ဟိုပင်မြို့) နှင့် ဒေါ်သီရိကျော် (ကျောက်တန်းမြို့) တို့က ငွေကျပ် ၁၀၀၀၀ စီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာ ကုမ္ပဏီလီမိတက်) က ငွေကျပ် ၃၀၀၀၀၀၊ ဟာဂျီ ဦးထွန်းမြင့် (နယူးပါဝါစတိန်းလက်စတီး)က ငွေကျပ် ၁၅၀၀၀၀၊ ဟာဂျီ ဦးလှအောင် (မဟာဘောဂဝတီကုမ္ပဏီလီမိတက်)နှင့် ဟာဂျီဦးဟန်ဇား (ဂိုးလ်ဒင်း ကော့သောင်း ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ မောင်အာကာမောင်မောင်က ငွေကျပ် ၂၀၀၀၀၊ သီရိသုခမ္မ မဏိဇောတရေသမားတော် ဦးဘိုကြီး၊ သီရိသုခမ္မသီဂိဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)က ငွေကျပ် ၁၆၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်းနှင့်စည်ပင်သာယာရေးဘဏ်လီမိတက်) တို့က ငွေကျပ် ၅၀၀၀၀၀ စီ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် ၁၀၀၀၀၀၊ ဦးခင်အောင်-ဒေါ်ခင်မြင့်သူ မိသားစု (လှိုင်သာယာ)က ငွေကျပ် ငါးသောင်း၊ ဦးရန်ကြားစိုက် (ချန်လုံကျောက်မျက်ရတနာကုမ္ပဏီလီမိတက်) က ငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀၀၀၀၀၀၊ ဦးခင်မောင်စိုး (မြန်မာ့စည်သူရတနာ ကျောက်မျက်ကုမ္ပဏီ) နှင့် ဟုန်ပန်းကျောက်မျက်ကုမ္ပဏီတို့က ငွေကျပ် ၅၀၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်းတို့ကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများနှင့် ပစ္စည်းများလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားအတွက် ပထမအကြိမ် အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၆၀ တို့က ငွေကျပ် ၄၁၆၀၀၀၀၀ နှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၅၆၁၇၆၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၄၇၂၁၇၆၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စစ်ရေးပြ အခမ်းအနားအတွက် စေတနာရှင်များ ပထမအကြိမ် လှူဒါန်းသော အလှူငွေများနှင့် ပစ္စည်းများကို လက်ခံစဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ညနေ ၅နာရီခွဲတွင်ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်းရောက်ရှိလာရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရေးအတွက် ခင်းကျင်းစီစဉ်ထားရှိသည်များကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတွင် တင်ဆက်ကပြမည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များ၏ ဝတ်စုံပြည့် အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ညပိုင်းတွင် သမ္မတအိမ်တော်ဝင်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၁-၂-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Urban Impacts (ဒုတိယနှစ်-ပထဝီဝင်)
၅း၁၅ ၉။ ပညာခေတ်
၅း၂၅ ၁၀။ English Premier League °Weekly Goals Show အစီအစဉ်
၅း၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၂၂)
၆း၅၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဖော့ မွှေးနေဆဲ"** (အပိုင်း-၃)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၄)

(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

အဖျက်ရန်စွယ်အသွယ်သွယ်အား

❒ ချစ်တဲ့သူငယ်လေ...
ညီနောင်သားချင်း သွေးရင်းတို့လေ။

❒ ဒို့ပြည်ဒို့ရွာ၊ ဒို့ဌာနေကား
သယံဇာတ၊ ကြွယ်ဝစုံလင်
ကျွန်း,အင်,ပျဉ်းကတိုး၊ သစ်မျိုးစုံသလောက်
ကောက်နှံစပါး၊ ကျောက်သံပတ္တမြားနှင့်
ရွှေမည်းအဆင်း၊ ရေနံတွင်းနှင့်။

❒ ဒို့ပြည်ရှုခင်း၊ ဒို့ပြည်တွင်းမှာ
မြအဆင်းတစ်လှည့်၊ ရွှေဝါတစ်လှည့်
စိမ်းလဲ့ဝါရွှေ၊ လယ်ယာဝေဆာ
ပဒေသာနိုင်ငံ တစ်ပြည်ရွာပြိုင်စံ တုကင်းပါဘိသည်။

❒ မျိုးမြန်မာကား
သာသနာခေါင်ထိပ်၊ တောင်ထိပ်မှာစေတီတည်
တောင်အတွင်းဆီ၊ ဥမင်ဖောက်
မြစ်တစ်လျှောက်မှာ၊ ဆောက်ကာတံတား
ဆည်များနှင့် တာတမံ၊ ပေါပြည့်လျှံသည်
ပုဂံရွှေခေတ်က၊ မင်းနော်ရထာ
ကျန်စစ်မင်းတို့ပင်၊ မြင်စေ့ချင်သေး။

❒ သည်မျှစည်ပင် ဒို့ပြည်ခွင်ကို
လိုချင်စိတ်ကြီးလှ၊ လောဘလောင်မြိုက်
အမိုက်မှောင်စွ၊ ပြည်ပမုဆိုးနှင့်
ပုဆိန်ရိုးမျိုးဖျက်၊ မိုက်တွင်းနက်အကြံရိုင်း
မြင်တိုင်းမုန်းစရာ့
အဖျက်ရန်စွယ်၊ အသွယ်သွယ်အား
ဝိုင်းပယ်တိုက်ဖျက်ကြစို့လား။ ။

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

ပြည်ထောင်စုအလံတော်ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်)မြို့နယ်သို့ဆက်လက်သယ်ဆောင် လမ်းတစ်လျှောက်ထောင်ပေါင်းများစွာသောပြည်သူများတစ်ခဲနက်အင်တိုက်အားတိုက်ကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော် သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်တို့မှ ထောင်ပေါင်းများစွာသော တိုင်းရင်းသားပြည်သူများက တစ်ခဲနက်အင်တိုက်အားတိုက် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုကြပြီး ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ပြည်ထောင်စုအလံတော်ကို သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ နံနက် ၉ နာရီတွင် စိုက်ထူလိုက်သည်။

တက်ရောက်

ပြည်ထောင်စုအလံတော်အား ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ရန်ကုန် တောင်ပိုင်းခရိုင်(သန်လျင်)မြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အားကစားကွင်း၌ ကျင်းပရာ(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး၊ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေးဆပ်ကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူး ဦးဇော်ဝင်းနှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က နံနက် ၆ နာရီ ၅၅ မိနစ်တွင် အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော် (ကြည်း၊ရေ၊လေ) ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလျက် သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာသိန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံလွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့်ပြည်ထောင်စု အလံတော်အား ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါ်နွယ်နီကျော် ဦးဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအောင်ကျော်မိုး ဦးဆောင်သော အလံတော် သယ်ယူရေးအဖွဲ့တို့က လက်ဆင့်ကမ်း သယ်ဆောင်လာကြပြီး သတ်မှတ်နေရာအရောက်၌ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်သယ်ဆောင်

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ရေ၊ လေ) ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများခြံရံ၍ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းထိပ်ရှိ ကြိုဆိုရေးမုခ်ဦး၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ပြည်ထောင်စု အလံတော်ကို ဆက်လက်သယ်ဆောင်လာပြီး နံနက် ၇ နာရီ ၅ မိနစ်တွင် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်း၊ ပြည်ထောင်စုလမ်း၊ ထိုမှတစ်ဆင့် အမှတ်(၂)လမ်းမကြီး အတိုင်းငမိုးရိပ်တံတား (သဃ်န်းကျွန်း) တို့ကို ဖြတ်သန်း၍ သယ်ဆောင်လာရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့မှ ပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) ရဲအရာရှိလေးဦးနှင့် တိုင်းရင်းသား တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်း အတွင်းရေးမှူး ဦးတင့်ခိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ကာ ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သယ်ဆောင်လာပြီး သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဋ္ဌေးခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ပြည်ထောင်စုအလံတော် တစ်ညတာ ညအိပ်ရပ်နားမည့် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌စိုက်ထူစဉ်။ (သတင်းစဉ်)

ဆက်လက်၍ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဋ္ဌေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို အလံတော်သယ်ယူရေးအဖွဲ့များက ကျိုက်ခေါက်ဘုရားလမ်းအတိုင်းသယ်ဆောင်လာကြပြီးသန်လျင်မြို့သီဟဒီပ အားကစားကွင်း ကြိုဆိုရေးမုခ်ဦးအရောက်၌ အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးဦးကျော်ထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေး အဖွဲ့က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်ခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ကပြည်ထောင်စုအလံတော်ကို ဆက်လက်သယ်ဆောင်လာပြီး သီဟဒီပအားကစားကွင်းထိပ်အရောက်၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံ လွှဲပြောင်းပေးအပ်သည်။

ငွေဖလား၌စိုက်ထူ

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိလေးဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်ပြီး နံနက် ၉ နာရီတွင် သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု အမျိုးသားညီလာခံအားကြိုဆိုထောက်ခံ မန္တလေးတိုင်း မန္တလေးမြို့အမျိုးသားကဇာတ်ရုံ၌အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ၉ ရက် နံနက် ၈ နာရီ၄၅ မိနစ်တွင် မန္တလေးတိုင်း မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့်အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ ၃၁ မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်အသင်းဝင်များ၊ စက်မှုဇုန်စက်မှုလုပ်ငန်းရှင်များအသင်း၊ ကုန်သည်ကြီးများအသင်း၊ သဘင်နှင့်ဂီတအစည်းအရုံး၊ မလွန်ဆန်လှူအသင်း၊ ချမ်းသာကြီးဆန်လှူအသင်းတို့မှ ကိုယ်စားလှယ်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းဆေး သူနာပြုအဖွဲ့ဝင်များ၊ အထူးဧည့်သည်များ စုစုပေါင်း အင်အား၁၀၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့(စည်ပင်ပြင်ပ)အတွင်းရေးမှူး ဗိုလ်ကြီးအောင်ချွန်(အငြိမ်းစား)၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ရီရီသော်၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်မေသစ်နှင့် ရပ်မိရပ်ဖ တရားရုံးချုပ်ရှေ့နေဦးမြစိန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် စဥ့်ကိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သိင်္ဂီအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းရွှေစင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်းကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်လှလှအေးက လည်းကောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းကလည်းကောင်း၊ မန္တလေးတိုင်းအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်ကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးမြစိုးက ထောက်ခံဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကိုရယူရာ ကိုယ်စားလှယ်များက သဘောတူကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ကိုယ်စားလှယ်များက အလေးအနက် ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကိုယ်စားလှယ်များက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ကိုယ်စားလှယ်များက ကြိုဆိုထောက်ခံကြောင်းနှင့် မန္တလေးတိုင်းအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို ဤအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၉နာရီ ၃၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့အခမ်းအနားကျင်းပစဉ် လမ်းခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ ရက် နံနက်ပိုင်းတွင် ပြည်သူ့ရင်ပြင်၌ကျင်းပစဉ် နံနက် ၆နာရီမှ ၉နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့်ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ဖော်ပြပါအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့

နှင့်

(၂၇-၂-၂၀၀၅)ရက်နေ့

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော မကွေးတိုင်း

သီဟအောင်

မြန်မာတိုင်းရင်းသား တို့သည် သမိုင်းဂုဏ်ရောင် ထွန်းပြောင်အောင် စွမ်းဆောင်နိုင်ကြသူများဖြစ်သည်။ နိုင်ငံ့သမိုင်းတွင် ပုဂံခေတ်၌ ပထမ မြန်မာနိုင်ငံတော်၊ တောင်ငူခေတ်၌ ဒုတိယ မြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်ခေတ်၌ တတိယမြန်မာ နိုင်ငံတော်ဟူ၍ အင်အားခိုင်မာတောင့်တင်းသော နိုင်ငံတော်ကြီးများ ထွန်းပေါ်ခဲ့သည်။ သမိုင်းစဉ်ကို လေ့လာလျှင် ထိုခေတ် သုံးခေတ်စလုံး၌ စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားရေး စွမ်းအားနှင့် ကာကွယ်ရေးစွမ်းအား ဟူသည့် အား(၃)အား ထွန်းကားပြည့်စုံနေသည့်အပြင် လူမှုရေးကျင့်ဝတ် ခိုင်မြဲအောင် အားထုတ်ပြီး အမျိုးသားရေး စိတ်ဓာတ်မြင့်မားနေသောတိုင်းရင်းသားများကို တွေ့ရှိရပေမည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် အမိနိုင်ငံတော်အပေါ် ကျရောက်လာသော ပြည်တွင်းပြည်ပ အန္တရာယ် ဟူသမျှကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး တွန်းလှန်နိုင်ခဲ့သည်ချည်းသာ ဖြစ်သည်။ ထို့အတူ ပျက်စီးယိုယွင်းမှုရှိတိုင်းလည်း အသစ်တစ်ဖန်ပြန်လည် တည်ဆောက်နိုင်သည့် အံ့လောက်ဖွယ် စွမ်းပကားရှိသူများ ဖြစ်ကြောင်းကို သမိုင်းတစ်လျှောက် အောင်ပွဲခံခဲ့သော အရေးတော်ပုံများက အထင်အရှား သက်သေခံလျက်ရှိသည်။

၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်နေ့က ကျင်းပခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းဆင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

“မိမိနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံးကို စနစ်တကျ လေ့လာကြည့်ခြင်း အားဖြင့် နိုင်ငံတော်၏ ဖြစ်စဉ်ဖြစ်ရပ်များကို သဲကွဲစွာမြင်တွေ့နိုင်ပြီး နိုင်ငံတော်၏ ပင်မကျသည့် လိုအပ်ချက်များကို သိရှိနိုင်ကြောင်း၊ နိုင်ငံသားတစ်ယောက် အနေဖြင့် ဖြစ်ရပ်များကို သိရှိနားလည် သဘောပေါက်ပြီး နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင်ကိုယ်တိုင်ကိုယ်ကျ အပြုသဘော ပါဝင်ဆောင်ရွက်ခြင်းသည် အမျိုးသားရေး တာဝန် ကျေပွန်ခြင်းပင်ဖြစ်ကြောင်း၊ ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်သည့် နိုင်ငံသားများသည် နိုင်ငံတော်အတွက် စွမ်းရည်စွမ်းအား ပင်ဖြစ်ကြောင်း”

မိန့်ကြားခဲ့သည်။

သမိုင်းတစ်ခေတ် ထွန်းသစ်နေသည့် မြန်မာနိုင်ငံ၌ နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့် အောင်ပွဲအလီလီ ရရှိနေသည်။ တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့ရသည့် အချိန်မှစ၍ တိုင်းပြည်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လမ်းပန်း

ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဦးစားပေး တည်ဆောက်ခဲ့ရာ အားလုံးပြည့်စုံလုနီးပါး ထွန်းကားတိုးတက်နေပြီဖြစ်သည်။

တံတားနှင့်လမ်း၊ စာသင်ခန်းနှင့်ဆေးရုံ၊ စက်မှုဇုန်နှင့်ဆည်တမံ တစ်နိုင်ငံလုံးဝန်းရံနေပြီဖြစ်၍ လျှပ်စစ်စွမ်းအားဖြင့် ပြည်ထွန်းကားအောင်၊ ရေနံစွမ်းအင်ဖြင့် ပြည့်ဂုဏ်တင်နိုင်အောင် ထပ်ဆင့်ဖော်ဆောင်နိုင်သည့် အချိန်ကာလ သမယသို့ ရောက်ရှိလာသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့၌ မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးသည့် ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“မိမိတို့ နိုင်ငံတော်အပိုင်းအနေဖြင့် မကွေးတိုင်းကိုသာမက အခြားပြည်နယ်/တိုင်းများနှင့် နယ်စပ်ဒေသများ ပါမကျန် အမြန်ဆုံးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဒေသတစ်ခုနှင့်တစ်ခု အကြား ဆူကြံ့နိမ့်မြင့် ကွာဟချက်များ အမြန်ဆုံးလျော့နည်းကျဆင်းအောင် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်၍ အလေးထားဆောင်ရွက်ပေးလျက်ရှိရာ အခြား ပြည်နယ်/တိုင်းဒေသများသည် အလားတူ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

“နိုင်ငံတော်၏ နယ်မြေဒေသအားလုံး ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ အလေးထားလုပ်ကိုင် ဆောင်ရွက်ပေးရာ၌ အခက်အခဲများစွာကြားမှ မိမိတို့ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုးအတွက် ဖွံ့ဖြိုးရမည်ဆိုသည့် ခံယူချက်ဖြင့် အားထုတ်လုပ်ကိုင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

“နိုင်ငံတော်နှင့်ပြည်သူ တစ်သားတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက် နိုင်ခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း၊ စည်းလုံးခြင်းသည် အောင်မြင်ခြင်းဖြစ်သည်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုက သက်သေပြနေကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ဆက်လက်ကာကွယ် တည်ဆောက်ကြရမည် ဖြစ်ကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

စည်းလုံးခြင်းသည် အောင်မြင်ခြင်းဖြစ်ကြောင်း သမိုင်းကြောင်းက ညွှန်ပြနေသည်။ စည်းလုံးခြင်းသည် အောင် မြင်ခြင်းဖြစ်သည်ဟု မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်မှုက သက်သေပြနေသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တို့၏ စည်းလုံးညီညွတ်မှု အောင်ပွဲအောင်ပန်း အောင်စခန်းများဖြင့် ပြည့်လျှမ်းနေသည့် မကွေးတိုင်းကလည်း ညီညွတ်ခြင်း သည်အင်အား အထင်အရှားဖြစ်သည်ဟု ယခုလို ဖွင့်ဆိုနေပေသည်။

မကွေးတိုင်း

မကွေးတိုင်းသည် မြန်မာနိုင်ငံ၏အလယ်ပိုင်း၌ တည်ရှိသည်။ မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ အရှေ့ဘက်တွင် မန္တလေးတိုင်း၊ တောင်ဘက်တွင် ပဲခူးတိုင်း၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့နှင့် တစ်သွေးတည်း တစ်သားတည်း ဆက်စပ်လျက် တည်ရှိနေသည်။ စတုရန်းမိုင်ပေါင်း ၁၇၃၀၆ ကျယ်ဝန်းပြီး ဗမာ၊ ချင်း၊ ရခိုင်၊ ကရင်၊ ရှမ်း စသည့် တိုင်းရင်းသား မျိုးနွယ်စုများ ပြည်ထောင်စုတစ်ခုအသွင် အတူတကွ ပူးပေါင်းနေထိုင်ကြသည်။ လက်ရှိ လူဦးရေ ၅၁၁၈၀၀၀ ရှိသဖြင့် ပျမ်းမျှလူဦးရေ သိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၉၆ယောက် ဖြစ်သည်။

ဧရာဝတီမြစ် ဖြတ်သန်းစီးဆင်းရာ မြစ်ဝှမ်းတစ်လျှောက်မှာ မြေပြန့်ဒေသဖြစ်ပြီး ကျန်အပိုင်းမှာ ကုန်းမြင့် တောင်တန်းများဖြစ်သည်။ အနောက်မြောက်ပိုင်းတွင် မြောက်မှတောင်သို့ သွယ်တန်းနေသော ပေ ၃၀၀၀ ကျော်မြင့်သည့် ပုံညာတောင်တန်းရှိသည်။ မင်းဘူးလွင်ပြင်နှင့် တောင်တွင်းကြီးလွင်ပြင်သည် အကျယ်ပြန့်ဆုံးဖြစ်သည်။ ယော၊ စလင်း၊ မုန်း၊ မန်း စသည့် မြစ်ငယ်ချောင်းငယ်များ စီးဆင်းနေသည်။

စိုက်ပျိုးရေး

ရှေးယခင်က မကွေးတိုင်းနှင့် ဝန်းကျင်ဒေသသည် မိုးခေါင်ရေရှားဒေသဟု အမည်နာမတွင်ခဲ့ရသည်။ နောက်ပိုင်းတွင် မိုးနည်းရေရှားဒေသဟု သက်သက်ညှာညှာဆိုခဲ့ကြသည်။ မျက်မှောက်ခေတ်၌ တပ်မတော်အစိုးရက ရေမရှား၊ ငွေမရှား ဖွံ့ဖွံ့ထွားထွား မြေလတ်သားကြီးဖြစ်အောင် မကွေးတိုင်းကို ပြုစုပျိုးထောင်ပေးခဲ့သည်။

အပူကဲ၍ မိုးနည်းနေသော မကွေးတိုင်းကို မေတ္တာရေမိုး သွန်းဖြိုးပေးခဲ့သည်။ မိုးမရ၍ ပျိုးမလှ မဖြစ်စေရ၊ မိုးခေါင်၍ ပျိုးမအောင်မရှိစေရ။ တီထွင်ကြံဆနည်းလမ်းပြ၍ လှသထက်လှရေး ကူညီဖြည့်ဆည်းပေးခဲ့သည်။ ဆည်အစု အဖွဲ့ဟူသော ဝေါဟာရသည် ၁၉၈၈ နောက်ပိုင်း မကွေးတိုင်း၌ ခေတ်စားလာသော ခေတ်စကားဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် တောင်တွင်းကြီးမြို့နယ်၌ ကင်ပွန်းတောင်၊ ချောက်မြို့နယ်၌ စလေပခန်းငယ်နှင့်အောင်လံမြို့နယ်၌ ဒုရင်ဗိုလ်ဟူသည့် ဆည်တမံသုံးခု စတင်အခြေပြုပြီး စိုက်ပျိုးမြေဧက ၂၀၈၀၀ ကို အကျိုးပြုခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မြို့သစ်မြို့နယ်၌ ဘုတ်ချောင်း၊ အောင်လံမြို့နယ်၌ ပွဲသာ၊ ပေါက် မြို့နယ်၌ သီးခြောက်နှင့် မြိုင်မြို့နယ်၌ မြိုင်ချောင်း ဆည်တမံများ တိုးပွား လာသည်။ ၁၉၉၃ ခုနှစ်တွင် ဆိပ်ဖြူမြို့နယ်၌ ကန်စွန်းမနှင့် ဂန့်ဂေါတွင် တောင်ခရမ်း၊ ၁၉၉၄ ခုနှစ်တွင် ရေစကြိုမြို့နယ်၌ ဆင်ချောင်း၊ ၁၉၉၅ ၌ နတ်မောက်မြို့နယ်တွင် နတ်မောက်ရေလွှဲဆည်နှင့် နတ်မောက်ရေလှောင်တမံ၊ ၁၉၉၆ တွင် တောင်တွင်းကြီးမြို့နယ်၌ ဘန်းကုန်း၊ ၁၉၉၇ ၌ ပေါက်မြို့နယ်တွင် ယောချောင်း(၂)၊ ၁၉၉၈တွင် မြို့သစ်မြို့နယ်၌ ဆဒ္ဒန်နှင့် ငဖဲမြို့နယ်၌ မန်းချောင်း၊ ၁၉၉၉ ၌ တောင်တွင်းကြီးတွင် ငမင်၊ ၂၀၀၀ ပြည့်နှစ်တွင် မြိုင်မြို့နယ်၌ တောင်ယမားဆည် စသည့် ဆည်တမံများ ထပ်ဆင့်ပွား များလာ ခဲ့သည်။ ထိုမှဆက်၍ မြိုင်၌ ကြက်မောက်နှင့်လယ်တီ၊ တောင်တွင်းကြီး၌ ရန်ပယ်၊ မြို့သစ်၌ စွန်ချောင်းနှင့် ပုလင်း၊ စလင်း၌ စလင်းရေလှောင်တမံ၊ ရေနံချောင်း၌ နဂါး၊ နတ်မောက်၌ ကျောက်တံခါးနှင့် အောင်လံ၌ဘွက်ကြီး စသည့် ဆည်တမံ အသီးသီးဖြင့် မကွေးတိုင်း၏ စိုက်ပျိုးစွမ်းအား ပိုမိုထွန်းကားလာခဲ့သည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဖွင့်လှစ်လိုက်သော မုန်းချောင်းရေလှောင်တမံသည် နိုင်ငံတော်က မကွေးတိုင်းအတွက် (၃၃) ခုမြောက် တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် ဘက်စုံရေလှောင်တမံ စီမံကိန်းကြီးဖြစ်ပြီး မကွေးတိုင်းအတွက် နေလိုအလင်းရောင်ပေးပြီး လလိုအအေးဓာတ် ဆောင်လျက်ရှိသည်။ စိုက်ပျိုးမြေဧက တစ်သိန်းကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနေပြီဖြစ်ရာ ရွှေကိုမလို ရေကိုသာလိုသော မကွေးသားတို့ မြေကြီးမှရွှေသီးအောင် အားကြိုးမာန်တက် နှစ်ဆတက်၍ လုပ်ကိုင်စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

ဤမျှသာလောဟု စောကြောလျှင် လာပါဦးမည်၊ လာဦးမည်ဟု ဆိုရပါမည်။ ပွင့်ဖြူ၊ ကံမ၊ ဂန့်ဂေါနှင့် စေတုတ္တရာ မြို့နယ်တို့၌ တည်ဆောက်ပေးနေသော ရေလှောင်တမံက လေးခု၊ အကျိုးပြုဧရိယာ ၂၂၀၀၀ကျော်၊ ထက်ကြပ်လိုက်လာမည့်အဖော်များက မြဲခဲတောင်ရေလှောင်တမံနှင့် ယောချောင်းရေလွှဲဆည် အဆင့်ဆင့်၊ ဤသို့ဖြင့် တပ်မတော်အစိုးရက မကွေးတိုင်း၏ ရွှေတံခါးငွေတံခါးကြီးများကို ဖွင့်ပေးနေရာ ရွှေအသီးအပွင့်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း၍ ခူးဆွတ်စားသုံးနိုင်ခဲ့ပြီ။

ဆည်တမံများ၊ မြစ်ရေတင်လုပ်ငန်းများနှင့် အခြားရေရရှိရေးလုပ်ငန်းများ၏ ပေါင်းစုအားကြောင့် စိုက်ပျိုးရေး စွမ်းအား မြင့်မားတိုးတက်လာသည်။ တောင်သူဦးကြီးများ၊ တောင်သူလယ်သမား ဦးကြီးများဖြစ်လာကာ စပါးကိုပါ အားဖြည့်စိုက်ပျိုးနိုင်သဖြင့် ယခင်ဒေသဝမ်းစာ စပါးဖူလုံမှု ၅၀ ရာခိုင်နှုန်းသာရှိခဲ့ရာ ယခု ၇၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

မြန်မာပြည်၏ ဆီအိုးကြီးအဖြစ် ဆက်လက်၍ စံချိန်တင်ရပ်တည်နိုင်နေရုံမက ဘက်စုံသီးနှံတိုင်းအဖြစ် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးအရ အားထားရသည့် တိုင်းဒေသကြီးတစ်ခုအဖြစ် ထွန်းသစ်နေသော မကွေးတိုင်း၏ အားရဖွယ်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားကို အောက်ပါအတိုင်း ရှုစားနိုင်ပေသည်–

တစ်ဧကအထွက်နှုန်း–တင်း
စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧရိယာဧက	၂၇၂၂၀၃၀	၂၇၇၄၇၇၀	၅၂၇၄၀
– မြေလွတ်မြေရိုင်းဧက	၄၃၂၇၀၈	၂၀၈၆၈၅	–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– **ဆည်၊ကန်၊တာတမံ၊ရေနုတ်**	၁၂	၄၉	၃၇
– ဆောင်ရွက်ပြီးလုပ်ငန်း	၁၂	၄၂	၃၀
– ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၅	၅
– ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၂	၂
– **မြစ်ရေတင်လုပ်ငန်း**	မရှိ	၅၁	၅၁
– ဆောင်ရွက်ပြီးလုပ်ငန်း	မရှိ	၄၄	၄၄
– ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၄	၄
– ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၂	၂
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၁၇၁	၁၇၁
– မြေအောက်ရေတွင်းများ	မရှိ	၁၂၉၄	၁၂၉၄
– စုစုပေါင်းအကျိုးပြုဧက	၁၈၅၈၈၅	၆၂၅၅၇၉	၄၃၉၆၉၄
သီးထပ်ဧကဖြစ်ထွန်းမှု	၆၃၈၁၂၇	၁၇၆၅၇၂၁	၁၁၂၇၅၉၄
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၃၀၄၅၂၁	၅၉၃၄၈၄	၂၈၈၉၆၃
– တစ်ဧကအထွက်နှုန်း	၅၅.၄၁	၆၉.၂၅	၁၃.၈၄
– နွေစပါးစိုက်ဧက	မရှိ	၁၅၁၆၂၃	၁၅၁၆၂၃
– တစ်ဧကအထွက်နှုန်း	၅၅.၄၁	၈၅.၀၇	၂၉.၆၆
– စုစုပေါင်းထုတ်လုပ်မှု	၁၃၃၂၈	၅၃၁၄၇	၃၉၈၁၉
– ဒေသဝမ်းစာဖူလုံမှု	–	၇၁%	၇၁%
ပဲမျိုးစုံစိုက်ဧကတိုးတက်မှု	၃၆၇၇၇၀	၁၇၁၉၅၉၇	၁၃၅၁၈၂၇
ဝါစိုက်ဧကတိုးတက်မှု	၉၅၉၂၂	၃၃၃၃၁၃	၂၃၇၃၉၁
ကြံစိုက်ဧကတိုးတက်မှု	၄၈၉	၁၆၀၉၁	၁၅၆၀၂
အစေ့ထုတ်ပြောင်းစိုက်ဧက	၇၀၀၄၃	၈၆၁၅၅	၁၆၁၁၂
ဆီထွက်သီးနှံစိုက်ဧကတိုးတက်မှု			
– မြေပဲ	၃၁၄၇၇၃	၃၇၁၀၃၈	၅၆၂၆၅
– နှမ်း	၁၀၃၃၃၇၄	၁၂၇၀၄၆၇	၂၃၇၀၉၃
– နေကြာ	၃၅၃၈၇	၄၈၅၇၃၂	၄၅၀၃၄၅
– မုန်ညင်း	၁၅၂	၁၅၁၆	၁၃၆၄
– ပန်းနှမ်း	၄၀၀၇	၂၂၁၈၅	၁၈၁၇၈

မွေးမြူရေးနှင့်ရေလုပ်ငန်း

“စိုက်ပျိုးရေးနှင့်ပေါင်းစပ်၍ မွေးမြူရေးလုပ်ငန်းကိုပါ ဆောင်ရွက်နိုင်မှသာ တောင်သူများ၏ဝင်ငွေ တိုးတက် လာမှာဖြစ်၍ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်အောင် ကူညီပံ့ပိုးပေးရန်”

ဟူ၍ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားသည်။ မကွေးတိုင်းမှ ကျေးလက်ပြည်သူများ တစ်နိုင်တစ်ပိုး ဝင်ငွေတိုးစေရန် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖြင့် ပံ့ပိုးကူညီခဲ့ရာ ယခင် တိရစ္ဆာန်ကောင်ရေ ၇၂ သိန်းကျော် မွေးမြူနိုင်ခဲ့ရာမှ ယခုကောင်ရေ ၁၀၆သိန်းနီးပါး မွေးမြူထားနိုင်သည်။ ငါးမျိုးထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ပေးသဖြင့် ငါးမွေးမြူရေးကန် ဧကလေးဆမြင့်တက်လာသည်။ စပါးငါးတွဲဖက်စိုက်ပျိုးမှုကို အင်အားကောင်းကောင်းဖြင့် အစပြုနိုင်ခဲ့သည်။ ပစ္စုပ္ပန်မှာလည်း ဝဝစား၊ နောင်လာနောက်သားများလည်း ဆက်ခံနိုင်အောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဧရာဝတီမြစ်ထဲသို့ ငါးမျိုးသားပေါက်ကောင်ရေ ၄၇၅ သိန်းကျော် မျိုးထည့်ထားပြီးဖြစ်သည်။

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
တိရစ္ဆာန်တိုးချဲ့မွေးမြူမှု	၇၂၃၄၀၀၀	၁၀၅၉၆၀၀၀	၃၃၆၂၀၀၀
ငါးပုစွန်တိုးချဲ့မွေးမြူမှု			
– ငါးမွေးမြူရေးကန်ဧက	၁၀၁.၂၀	၄၁၆.၅၁	၃၁၅.၃၁၀
– စပါးငါးတွဲဖက်စိုက်ပျိုးမှုဧက	မရှိ	၁၃၇၅	၁၃၇၅
– ကောင်ရေ(သိန်း)	မရှိ	၂.၇၅	၂.၇၅
– **ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု**			
– ထုတ်လုပ်မှု(သိန်း)	မရှိ	၄၉၀.၂၈	၄၉၀.၂၈
– မျိုးစိုက်မှု(သိန်း)	မရှိ	၄၉၀.၂၈	၄၉၀.၂၈
ဧရာဝတီမြစ်ထဲငါးမျိုးထည့်မှု	မရှိ	၄၇၅.၅၃	၄၇၅.၅၃

သစ်တောပြုစုပျိုးထောင်မှု

သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်သည်ဟု ဆိုရိုးစကားရှိသည်။ အရိပ်နေလျက် အခက်ချိုးသူသည် မိမိမျိုးရိုးစဉ်ဆက် ဘဝပျက်အောင် ဖျက်ဆီးသူသာ ဖြစ်ပါလိမ့်မည်။ တပ်မတော်အစိုးရသည် ပြည်ထောင်စုကြီး၌ ငြိမ်းချမ်းချိုဝေလျက် အမိမြေစိမ်းလန်းစိုပြည်စေရန် အားထုတ်ကြိုးပမ်းစွမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သစ်တောရေးရာဝန်ထမ်းများအား–

“ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် အထူးစီမံကိန်းဖြစ်၍ ယေဘုယျသဘော အကောင်အထည်ဖော်၍ မရကြောင်း၊ ဖိဖိစီးစီးဖြင့် အလေးထား ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အမျိုးသားရေး လုပ်ငန်းတစ်ရပ်အဖြစ် ခံယူအကောင်အထည်ဖော်မှသာ သယံဇာတများ မဆုံးရှုံးမှာ ဖြစ်ကြောင်း၊ သို့မဟုတ်ပါက နောင်အနှစ်(၅၀)ခန့် ဆိုလျှင် လူများနေထိုင်၍ မရတော့သည့်ဒေသ ဖြစ်သွားနိုင်ကြောင်း၊ မိမိတို့ တာဝန်ယူရသည့်အချိန်၌ နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးရှိစေသည့် စီမံကိန်းကို ကြိုးပမ်းအကောင်အထည် ဖော်သွားရမည်သာ ဖြစ်ကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

ဤနေရာ ဤဒေသသည် တောင်တန်းကြီးများကာဆီးနေ၍၊ အပူပိုင်းဒေသ၌ကျရောက်နေ၍ မိုးနည်းရပ်ဝန်း ဒေသဖြစ်ခဲ့သည်ဟု ဟိုယခင်က ဆိုလျှင် ဆိုကြပါလိမ့်မည်။ တပ်မတော်အစိုးရလက်ထက်၌ အပူပိုင်းဒေသမှ ခရိုင်

စာမျက်နှာ ၁၀ ကော်လံ ၁



၁၉၈၈ ခုနှစ်နောက်ပိုင်း

မကွေးတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း



ဆေးပညာ အရည်အသွေး မြင့်မားစေရန် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် တိုက်ရိုက်သင်ကြား ပေးနေသည့် မကွေး ဆေးတက္ကသိုလ် အဆောက်အအုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

ရောဝတီ တံတား (မကွေး)

မကွေးတိုင်း မကွေးမြို့နယ် မကွေး–မင်းဘူးလမ်းပေါ်တွင် ဧရာဝတီမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် တံတားအရှည် ၈၉၈၉ ပေရှိ ရောဝတီတံတား (မကွေး)ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားသော အမြင့်ပေ ၂၀၀၊ အလျားပေ ၆၄၉၀ ရှိ မုန်းချောင်းဘက်စုံရေလှောင်တမံ၏ မြင်ကွင်းအလှကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း – မြန်မာ့အလင်း)



စာမျက်နှာ ၈ မှ

၁၃ခရိုင်သည်စိမ်းလန်းစိုပြည်သောဒေသ ဖြစ်လာခဲ့သည်။ လယ်ယာ၊ သစ်တောနှင့် သားငါးကဏ္ဍ ဟန်ချက်ညီမျှ ပို၍လှလာသော မကွေးတိုင်း၏ သစ်တောပြုစုပျိုးထောင်မှုနှင့် စိမ်းလန်းစိုပြည်ရေးကဏ္ဍနှစ်ခုကို တစ်မျိုးသားလုံးအတွက် ပျိုးထောင်မှုအဖြစ် ဤသို့တွေ့ရမည်ဖြစ်သည်–

သစ်တောပြုစုထိန်းသိမ်းမှုကဏ္ဍ

*** စတုရန်းမိုင်**
***အပင်(သန်း)**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၃၈၈၀	၃၉၄၀	၆၀
ကြိုးပြင်ကာကွယ်တော*	မရှိ	၃၇၁	၃၇၁
သဘာဝနယ်မြေဧရိယာ*	၂၁၅.၁၀	၂၁၅.၁၀	–
သစ်တောစိုက်ခင်းထူထောင်ခြင်း (ဧက)	၆၃၃၈	၁၉၉၂၆၀	၁၉၂၉၂၂
– ကျွန်းအထူးစိုက်ခင်းဧက	မရှိ	၂၄၀၀၀	၂၄၀၀၀
– စီးပွားရေးစိုက်ခင်းဧက	၃၄၃၈	၄၅၄၂၀	၄၁၉၈၂
– ကျေးရွာသုံးစိုက်ခင်းဧက	၆၀၀	၄၉၂၁၅	၄၈၆၁၅
– စက်မှုကုန်ကြမ်းစိုက်ခင်းဧက	၂၃၀၀	၁၈၁၀၀	၁၅၈၀၀
– ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၆၂၅၂၅	၆၂၅၂၅
သစ်ဆိမ့်ပင်စိုက်ခင်းဧက	မရှိ	၁၅၀၀	၁၅၀၀
လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း*	၀.၅၇	၄၁.၂၃	၄၀.၆၆

စိမ်းလန်းစိုပြည်ရေးကဏ္ဍ

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စိုက်ခင်းတည်ထောင်ခြင်း(ဧက)	မရှိ	၁၀၀၁၃၅	၁၀၀၁၃၅
– သစ်ထင်းစိုက်ခင်းဧက	မရှိ	၅၁၇၉၀	၅၁၇၉၀
– ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၂၉၈၀၀	၂၉၈၀၀
– တောင်တန်းစိုက်ခင်းဧက	မရှိ	၇၃၂၅	၇၃၂၅
– အခြားစိုက်ခင်းဧက	မရှိ	၉၆၆၀	၉၆၆၀
– သုတေသနစိုက်ခင်းဧက	မရှိ	၁၆၀	၁၆၀
– သစ်ဆိမ့်စိုက်ခင်းဧက	မရှိ	၁၄၀၀	၁၄၀၀
သဘာဝတောထိန်းသိမ်းမှု(ဧက)	မရှိ	၅၂၃၄၃၁	၅၂၃၄၃၁
ထင်းအစားထိုးလောင်စာ			
– စွမ်းအားမြင့်မီးဖို	မရှိ	၁၉၄၃၀၈	၁၉၄၃၀၈
– လောင်စာတောင့်	မရှိ	၃၃၂၀၇	၃၃၂၀၇
– စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း(တန်)	မရှိ	၁၁၃၇၂၈	၁၁၃၇၂၈
ရေရရှိရေးဆောင်ရွက်မှု			
– ရေကန်ငယ်	မရှိ	၅၁၀	၅၁၀
– နံ့တားဆည်	မရှိ	၂၉၇	၂၉၇
– မြေအောက်ရေတူးဖော်ခြင်း	မရှိ	၂၆	၂၆
ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး (ဧက)	မရှိ	၁၆၀၀	၁၆၀၀

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

ရေသည်မြင့်ရာမှ နိမ့်ရာသို့သာ စီးဆင်းသည်။ ဒို့မိသားစုပြည်ထောင်စုဟူသော ပင်မရေစီး၌ မြစ်ဖျားခံလာသော နိုင်ငံတော်၏ရင်တွင်းမှ စေတနာတသွင်သွင် ရေအလျဉ်သည်လည်း မဖွံ့ဖြိုးသော ဒေသများသို့ အေးအေးငြိမ့်ငြိမ့် တသိမ့်သိမ့် သွယ်ဖြာစီးဆင်းလျက်ရှိသည်။ ဤစေတနာအလျဉ်သည် မကွေးတိုင်းအတွင်း၌လည်း လိုအပ်သောနေရာဒေသ မှန်သမျှသို့ ခရီးဖြောင့်ဖြောင့် မရောက်ရောက်အောင် စီးဆင်းခဲ့သည်။

တပ်မတော်အစိုးရသည် မကွေးတိုင်း၏ လမ်းတံတားအဆင့်ဆင့်ကို ဖွင့်လှစ်မြှင့်တင်ပေးခဲ့သည်။ အလယ်ပိုင်းဒေသဟု ဆိုရသော်လည်း မကွေးတိုင်း၏ လမ်းပန်းဆက်သွယ်မှုမှာ နေရာဒေသအချို့ကိုသာ အကြောင်းပြုလျက်ရှိနေခဲ့သည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ လမ်းကြောင်းသင့်တင့်သည်ဟု ဆိုနိုင်သည့်တိုင် မြိုင်မြိုင်ဆိုင်ဆိုင် မရှိခဲ့။ ဧရာဝတီအနောက်ဘက်ကမ်း၌မူ ဆိုဖွယ်မရှိတော့ပြီ။

ချင်းပြည်နယ်နှင့်ဆက်စပ်လျက် ပခုက္ကူ–ပေါက်–တပျဉ်း–ကျောက်ထု–မင်းတပ်လမ်း(၉၇မိုင် ၇ဖာလုံ)၊ ဆိပ်ဖြူ–ဆော–ကျောက်ထု–မင်းတပ်လမ်း(၁၁၂မိုင်၇ဖာလုံ)၊ တိုင်းအတွင်း၌ ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်း(မိုင်၁၄၀)၊ တောင်တွင်းကြီး–မြို့သစ်–နတ်မောက်လမ်း(၂၈မိုင်)၊ မန္တလေးတိုင်းနှင့်ဆက်စပ်လျက် မကွေး–နတ်မောက်–ပျော်ဘွယ်လမ်း (၆၂မိုင် ၄ဖာလုံ) စသည်တို့ကို တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။ မကွေး–တောင်တွင်းကြီး–ကျောက်ပန်းတောင်း–မိတ္ထီလာလမ်းကိုလည်း လမ်းအဆင့် တိုးမြှင့်ပေးလျက်ရှိသည်။ တပ်မတော်အစိုးရလက်ထက်တွင် မကွေးတိုင်း၌ ကတ္တရာလမ်း ၉၈၅ မိုင် ၆ ဖာလုံအပါအဝင် လမ်းမိုင် ၁၇၄၂ မိုင် ၅ ဖာလုံအထိ ရှိလာသည်။

ယခင်က ဧရာဝတီသည် အင်းဝတံတားတစ်စင်းဖြင့်သာ အဖော်ကင်းပြီး ပျင်းနေရှာခဲ့သည်။ မျက်မှောက် ခေတ်၌ "မြစ်ကြီးနားမှာ ဗလမင်းထင်၊ ပြည်တွင် နဝဒေး၊ ချောက်မှာ အနော်ရထာနဲ့ဖော်သဟာ မြို့မကွေး၊ ပျင်းနိုင်ပေါင်လေး"ဟု ကဗျာဖွဲ့ စာဖွဲ့ရလောက်အောင်ပင် မြစ်ကူးတံတားကြီးများဖြင့် တစ်ခေတ်ထူးခြားလာခဲ့သည်။

မကွေးတိုင်းအတွင်း နိုင်ငံတော်က ပေ ၁၈၀ အထက် တံတားကြီး ၁၂စင်း ဖောက်လုပ်ပေးခဲ့ရာ အထူး စီမံကိန်းဝင် တံတားကြီးလေးစင်း ပါဝင်သည်။ ဂန့်ဂေါမြို့နယ် ကလေး–ဂန့်ဂေါလမ်းပေါ်တွင် အရှည်ပေ ၃၀၀ ရှိ လောင်ဂတ်ချောင်းကူးတံတားနှင့် အထက်မင်းလှမြို့နယ် ပုသိမ်–မုံရွာလမ်းပေါ်တွင် အရှည်ပေ ၅၀၀ ရှိ ရွှေချောင်းတံတား တို့ဖြစ်ပြီး ဧရာဝတီမြစ်ကူးတံတားကြီးနှစ်စင်းအဖြစ် ချောက်မြို့နယ် ချောက်–ဆိပ်ဖြူလမ်းပေါ်၌ ၅၁၉၂ ပေရှည်သည့် အနော်ရထာတံတားကြီးနှင့် မကွေး–မင်းဘူးလမ်းပေါ်၌ ၈၉၈၉ ပေရှည်သည့် ဧရာဝတီတံတား(မကွေး)တို့ဖြစ်သည်။

စကုမြို့နယ် ပုသိမ်–မုံရွာလမ်းပေါ်၌ မန်းချောင်းတံတား၊ ဂန့်ဂေါမြို့နယ် ကလေး–ဂန့်ဂေါလမ်းပေါ်၌ တော်ဝင် တံတား၊ ကျောက်ထုမြို့နယ် ပေါက်–ကျောက်ထုလမ်းပေါ်၌ နသိုးချောင်းတံတား၊ ဂန့်ဂေါ–ဟားခါးလမ်း၌ မြစ်သာ မြစ်ကူးတံတား၊ ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ–ကံတွင်း–ပခုက္ကူလမ်းပေါ်၌ ယောချောင်းတံတား၊ မင်းဘူးမြို့နယ် မင်းလှ– ကနီ–မင်းဘူး–စလင်း–တညောင်လမ်းပေါ်၌ နွယ်တမယ်တံတား၊ ပွင့်ဖြူမြို့နယ် စလင်း–ပွင့်ဖြူလမ်းပေါ်တွင် မုန်းချောင်း တံတားများ ဖြစ်ထွန်းတည်ရှိလာသည်။

တည်ဆောက်ဆဲ တံတားနှစ်စင်းရှိနေရာ ဘွက်ကြီးတံတား (အောင်လံ) နှင့် မုန်းချောင်းတံတား(ပွင့်ဖြူ)တို့ ဖြစ်သည်။ ဆက်လက်၍ ပေါက်တံတား(၁) (အုန်းတော)၊ ပေါက်တံတား(၂)(ရေပြာ)နှင့် ဒေါင်းနေချောင်းတံတားတို့ကို တည်ဆောက်ပေးသွားဦးမည် ဖြစ်သည်။

မကွေးတိုင်းအတွင်းမှ တံတားကြီးတံတားငယ်များသည် ဒေသဖွံ့ဖြိုးမှုကို ဟန်ချက်ညီအောင် ပြုပေးနေသည်။ ခေတ်အဆက်ဆက်၌ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသော ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများသည် မျက်မှောက်ခေတ်၌ အရှေ့ဘက်ခြမ်းဒေသများနှင့် အိမ်ဦးနှင့်ကြမ်းပြင် တစ်တန်းတည်းယှဉ်၍ ပန်းဝင်နိုင်ပေတော့မည်။

တပ်မတော်အစိုးရလက်ထက်၌ မကွေးတိုင်းကို ဗဟိုပြု၍ အနောက်ဘက်ဒေသများသို့ ရထားလမ်းကြောင်း တစ်ကြောင်း ဖြာထွက်လာသည်။ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းပိုင်းဖြစ်ပြီး ခရီးမိုင် ၁၄၆ မိုင်ရှိသည်။ ချောင်းဦးမှကျောအထိ၊ ကလေးမှရေမျက်နီအထိ၊ ထိုမှ ဆုံရပ်သို့ မကြာမီရောက်ရှိတော့မည်။ ဤရထားလမ်းသည် ကလေးမှ တမူးနှင့် အိန္ဒိယနယ်စပ်အထိ ဆက်ကူးသွားမည့် အလားအလာကောင်းများ ရှိနေသည်။

လေကြောင်းပို့ဆောင်ရေးဖြင့်လည်း မကွေးတိုင်း၏ ပို့ဆောင်ဆက်သွယ်မှုကို ကျောထောက်နောက်ခံပြုထားသည်။ ယခင်က မကွေး၊ ဂန့်ဂေါ၊ ဆော၊ ထီးလင်း၊ လမ်းရွာ၊ ပေါက်၊ စေတုတ္တရာစသည့် လေယာဉ်ကွင်းများရှိခဲ့ရာ အပေါ့စား လေယာဉ်ငယ်များသာ ဆင်းတက်နိုင်ခဲ့သည်။ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်ရန်အတွက် ၆–၆–၂၀၀၃ ရက်နေ့၌ မကွေးလေယာဉ်ကွင်း၊ ၁၀–၇–၂၀၀၄ ရက်နေ့၌ ကျောက်ထုလေယာဉ်ကွင်းနှင့် ၅–၉–၂၀၀၄ ရက်နေ့၌ ပခုက္ကူလေယာဉ်ကွင်းတို့ကို အသစ်တည်ဆောက် ဖောက်လုပ်ပေးခဲ့သည်။

မိုးအောက်မြေပြင် အမိနိုင်ငံတော်၏ရင်ခွင်၌ တလူလူတလွင့်လွင့် ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်ဖြင့် ထိုးတက်လာသော ပြည်နယ်/တိုင်း အသီးသီး၏ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်မှုမှာ အံ့မခန်းဖွယ် ဆန်းကြယ်လှသည်။ ၄က်သွင် ပုံကြွမတတ်၍သာ ရွှေဘုံကြီးကို လေဟုန်စီး၍ ကြည့်လိုစိတ် မျိုသိပ်ထားရသည်။ နေမင်းကြီးပင် တစ်နေ့တစ်ကြိမ်ထွက်၍သာ မြန်မာတို့၏ တည်ဆောက်မှုမြင်ကွင်းကို မျက်စိမလည်ခြင်းဖြစ်သည်ဟု ဆိုရမည်။

တစ်လတံတားတစ်စင်း တစ်နှစ်အတွင်း ရေလှောင်တမံ ၁၂ခု စေတနာထုဖြင့် တိုင်းကျိုးပြည်ပြုနေသော မျက်မှောက်ခေတ်၌ တက်သစ်စ နေပမာ ထွန်းလင်းလာသော မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို အောက်ပါ ဇယားထက်၌ အသက်သွင်း၍သာ ကြည့်လိုက်ပါဟု ဆိုရပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ရထားပို့ဆောင်ရေး			
– ရထားလမ်းခရီးမိုင်	၉၄.၄၂	၄၂၉.၅၈	၃၃၅.၁၆
– သံလမ်းမိုင်	၉၉.၆၀	၄၅၆.၇၅	၃၅၇.၁၅
– ခရီးသည်ဦးရေ	၁၉၁၆၈၀၀	၂၀၄၃၇၀၀	၁၂၆၉၀၀
– ခရီးသည်မိုင်	၁၄၂၂၇၄.၃	၁၄၆၁၄၉.၈	၃၈၇၅.၅
– ကုန်တန်ချိန်	၂၂၈၀၀	၅၃၉၀၀	၃၁၁၀၀
– ကုန်တန်မိုင်	၂၈၀၂.၉	၁၀၃၇၅.၃	၇၅၇၂.၄
– ဘူတာရုံ	၂၁	၁၀၂	၈၁
လေကြောင်းပို့ဆောင်ရေး			
– လေယာဉ်ကွင်းများ	၉	၁၂	၃
– ပြေးလမ်းပေ(၅၀၀၀)အထက်	မရှိ	၃	၃
– ပြေးလမ်းပေ(၅၀၀၀)အောက်	၉	၉	–
ကားလမ်းများတိုးချဲ့ဖောက်လုပ်မှု (မိုင်)	၁၃၀၈/၀	၁၇၄၂/၅	၄၃၄/၅
– ကတ္တရာလမ်းမိုင်	၅၀၃/၀	၉၈၅/၆	၄၈၂/၆
– ကျောက်ခင်းလမ်းမိုင်	၉၅/၀	၂၃၄/၆	၁၃၉/၆
တံတားများတိုးချဲ့တည်ဆောက်မှု			
– ပေ(၁၈၀)အထက်တံတား	၂၀	၃၇	၁၇
– ပေ(၁၈၀)အောက်တံတား	၃၂၄	၄၁၃	၈၉

ဆက်သွယ်ရေး

ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံမှန်သမျှ ကဏ္ဍတစ်ခုမျှမကျန်ရအောင် ဒေသစုံဘက်စုံ မြှင့်တင်ပေးနေသော မျက်မှောက်ခေတ်၌ မကွေးတိုင်း၏ ဆက်သွယ်ရေးပမာဏကလည်း အချိုးညီညီ တိုးတက်နေသည်။ တစ်ရွာနှင့်တစ်ရွာ သာမက ကမ္ဘာရွာကြီးနှင့်ပါ နီးနီးကပ်ကပ် မျက်ခြည်မပြတ် ဆက်သွယ်နိုင်လျက်ရှိကြောင်းကို အောက်ပါ ယခင်နှင့်ယခု ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားက ဖော်ပြနေသည်–

***(လူ၁၀၀၀လျှင်)**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၁၃၂	၁၄၈	၁၆
ကြေးနန်းရုံး	၂၉	၃၄	၅
ဖက်စ်စီမီလီ	မရှိ	၅၅	၅၅
ကွန်ပျူတာကြေးနန်း	မရှိ	၉	၉
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၂၃	၇၂	၄၉
– လိုင်းအင်အား	၃၄၀၀	၁၇၇၅၂	၁၄၃၅၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
– အိတ်ချိန်း	၂၃	၆၀	၃၇
– တိုက်ရိုက်လိုင်း	၂၅၇၉	၁၆၀၈၀	၁၃၅၀၁
– အော်တို/လက်သုံးတယ်လီဖုန်း	၂၅၇၉	၁၅၆၇၂	၁၃၀၉၃
– DECT တယ်လီဖုန်း	မရှိ	၄၀၈	၄၀၈
– တယ်လီဖုန်းသိပ်သည်းဆ*	၀.၉၀	၃.၁၇	၂.၂၇
မိုက်ကရိုဝေ့ဖ်စခန်း	၇	၂၉	၂၂
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၁၂	၁၂
အီးမေးလ်၊အင်တာနက်	မရှိ	၇	၇
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– VSAT	မရှိ	၁	၁

ဆောင်ရွက်ဆဲနယ်အော်တိုအိတ်ချိန်းစီမံကိန်း –
၁။ မြိုင် လိုင်းအင်အား(၅၀၀) ၂။ ဂန့်ဂေါ လိုင်းအင်အား(၅၀၀)

လျှပ်စစ်စွမ်းအား

တပ်မတော်အစိုးရလက်ထက်တွင် မကွေးတိုင်း၏ ဆည်တမံအင်အားနှင့် လမ်းတံတားအဆင့်ကို မြှင့်ပေးနေသည့် နည်းတူ လျှပ်စစ်စွမ်းအားဖြင့် ထွန်းကားအောင်လည်း ဖော်ဆောင်ပေးနေသည်။ ယခင် မုန်းချောင်းကို ယခု အပြုံးချောင်း ဖြစ်အောင် ဖန်တီးပြီး ဒေသခံတိုင်းရင်းသားများအပေါ် ရေလိုလလို အေးမြစေခဲ့သည်။ နေအသွင်လအသွင် အလင်းရောင် ဆင်ပေးစေခဲ့သည်။ မုန်းချောင်းဘက်စုံစီမံကိန်းကို စွယ်စုံရနှစ်ဖက်လှဖြစ်အောင် ရှေ့ဆောင်လမ်းပြ အသုံးချခဲ့၍ မကွေးတိုင်း၏ စက်တပ်ဆင်အင်အား မြင့်မားနေသည်ကို အောက်ပါဇယားတွင် တွေ့နိုင်ပေသည်–

ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း) *** မဂ္ဂါဝပ်**

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၃၁၇.၈၉၈	၅၂၇.၄၅၇	၂၀၉.၅၅၉
အမြင့်ဆုံးဝန်အား	၆၃.၈၅၀	၈၉.၄၂၀	၂၅.၅၇၀
လျှပ်စစ်ဓာတ်အားတိုးမြှင့် ထုတ်လုပ်မှု			
– တည်ဆောက်ပြီး ရေအားလျှပ်စစ်စီမံကိန်း	မရှိ	၁	၁
– စက်တပ်ဆင်အင်အား	မရှိ	၇၅.၀၀၀	၇၅.၀၀၀
– သဘာဝဓာတ်ငွေ့သုံးစက်ရုံ	၃	၃	–
– ဒီဇယ်ဆီသုံးစက်ရုံ	၄၅	၂၆	
မဟာဓာတ်အားတိုး လက်ရှိစက်တပ်ဆင်အင်အား	၁၁၂.၀၆၅	၁၇၉.၀၈၃	၆၇.၀၁၈

စက်မှုလက်မှု

မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားကို ဗဟိုပြုထားသဖြင့် တစ်မျိုးသားလုံး၏စွမ်းရည်နှင့်စွမ်းအား မြင့်မားလျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးလမ်းကြောင်း အရှိန်အဟုန်ကောင်းသဖြင့် အလှည့်အပြောင်းတစ်ခုသို့ပင် ရောက်ရှိလာသည်။ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဘက်သို့ ခြေဦးလှည့် လာနိုင်ပြီဖြစ်ရာ မကွေးတိုင်း၏ စက်မှုလက်မှုကဏ္ဍကိုလည်း အခြေခံကောင်းကောင်းဖြင့် အလှည့်အပြောင်းပြုနိုင်ရေး အားသစ်လောင်း ပေးနေသည်။

ပြန့်ကျဲနေသော စက်မှုလက်မှုလုပ်ငန်းများကို စုစည်းပြီး ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်ဟူ၍ ပုံဖော် ပေးထားသည်။ ရေနံချောင်းစက်မှုဇုန်က လုပ်ငန်းပေါင်း ၈၂ခု၊ ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၁၈ဒသမ၂၅သန်း၊ ကုန်ထုတ်လုပ်မှု ကျပ်သန်း ၁၇၀ ကျော်ရှိနေသည်။ ပခုက္ကူစက်မှုဇုန်က လုပ်ငန်းပေါင်း ၂၄၇ ခု၊ ရင်းနှီးမြှုပ်နှံမှု ကျပ်ငွေ ၄၇၇ ဒသမ ၀၆ သန်း၊ ကုန်ထုတ်လုပ်မှု ကျပ်သန်း ၅၅၀ နီးပါးဖြင့် ကြီးထွားလျက်ရှိသည်။

ပုဂ္ဂလိကစက်ရုံ ၁၁၈၃ ရုံ တိုးတက်လာ၍ ၂၁၁၅ ရုံအထိ ရှိနေသည်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၁၆၈ခု မေးတင်ထားသည်။ နိုင်ငံပိုင်စက်ရုံ ၆၄ ရုံကလည်း အင်အားကောင်းကောင်းဖြင့် စက်မှုကဏ္ဍ တစ်ခေတ်ပြောင်းရေး လက်တွဲလမ်းပြပေးလျက်ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
– **စက်မှုဇုန်များ**	မရှိ	၂	၂
– လုပ်ငန်းပေါင်း	မရှိ	၃၂၉	၃၂၉
– ပုဂ္ဂလိကစက်ရုံ	၉၃၂	၂၁၁၅	၁၁၈၃
– အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ	–	၁၆၈	၁၆၈
နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	၃၈	၆၄	၂၆

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

သတ္တုနှင့်တွင်းထွက်သယံဇာတ

၁၉၈၈ နောက်ပိုင်း၌ မကွေးတိုင်းတွင် ကျောက်မီးသွေးသိုက်နှင့် ထုံးကျောက်ကြော ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ကျောက်မီးသွေး ၁၄၀၇ဒသမ၃၇ မက်ထရစ်တန်နှင့် စက်မှုသုံးထုံးကျောက် ၃၅၀၉၄ဒသမ ၈၀ မက်ထရစ်တန် ထုတ်လုပ် ထားပြီးဖြစ်သည်။ သတ္တုသိုက်များ တိုးမြှင့်တွေ့ရှိရေး ကြိုးပမ်းရှာဖွေပေးနေသည်။

စွမ်းအင်ကဏ္ဍ

ယခင်က ရေနံမြေ ၁၀ ခုကို အားဖြည့်လုပ်ဆောင်ခဲ့ပြီး နောက်ထပ်ရေနံမြေသုံးခု ဖော်ထုတ်နိုင်ခဲ့သည်။ အရာတော်၊ ချောက်၊ လမ်းရွာ၊ ရေနံချောင်း၊ မန်း၊ ရေနံမ၊ ထောက်ရှာပင်၊ ကမ်းနီ၊ ပက်ပယ်၊ ကျောက်ခွက်၊ လက်ပံတို၊ သာကြီးတောင်နှင့် စပယ်ရေနံမြေတို့သည် မကွေးတိုင်းမှနေ၍ နိုင်ငံ့စီးပွားရေးကို အောက်ပါအတိုင်း အထောက်အကူပြုလျက်ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ရေနံမြေ(ကုန်းတွင်းပိုင်း)	၁၀	၁၃	၃
– ဓာတ်ငွေ့ပိုက်လိုင်းအရှည်(မိုင်)	၅၂.၃၀	၃၄၈.၅၂	၂၉၆.၂၂
– ရေနံစိမ်းထုတ်လုပ်မှု(စည်)	–	၃၀၂၇၂၉၂	၃၀၂၇၂၉၂
– ဓာတ်ငွေ့ထုတ်လုပ်မှု(ကုဗပေ)	–	၁၀၃၈၂.၄၁	၁၀၃၈၂.၄၁

ပညာရေး

မကွေးတိုင်း၏ ပညာဆီမီးကလည်း ထိန်ထိန်ညီးလျက်ရှိသည်။ နိုင်ငံတော်က အချက်အချာကျသော နေရာဒေသ များဖြစ်၍ မြေလတ်ဒေသ၌ မြို့တော်မကွေး၊ ဧရာဝတီအနောက်ဘက်ခြမ်း၌ မြို့တော်ပခုက္ကူအဖြစ် ထင်ပေါ်စေရေး အားပေး မြှင့်တင်လျက်ရှိရာ ပညာဆီမီး ထိန်ထိန်ညီးနေသော တိုင်းကြီးတစ်တိုင်းအဖြစ်လည်း ထင်ရှားလာသည်။

ပညာရေးဝန်ကြီးဌာနက အခြေခံပညာကျောင်း ၅၄၈ကျောင်းကို ဆရာ ဆရာမ ၆၁၂၈ ဦးဖြင့် တိုးမြှင့်ဖွင့်လှစ် ပေးခဲ့သည်။ အခြေခံပညာ ကျောင်းသား ကျောင်းသူ (၆)သိန်းကျော် ပညာဆည်းပူးနေသည်။ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်နှစ်ခု အသစ်ဖွင့်လှစ်ပေးထားပြီး ဒီဂရီကောလိပ်တစ်ခုနှင့် ပညာရေးကောလိပ်နှစ်ခု ရှိသည်။ ဒေသအတွင်း အဆင့်မြင့်ပညာ သင်ယူနေသူ ကျောင်းသူကျောင်းသား ယခင် ၃၄၈၈ ဦးသာရှိရာမှ ၆၀၀၀၀ နီးပါးအထိ မြင့်မားလာသည်။

စိုက်ပျိုးရေးသိပ္ပံကျောင်း၊ သမဝါယမသင်တန်းကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပြီး ပြည်ထောင်စုနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေး အားဖြည့်ပေးထားသည်။

ရွှေကိုမလို ရေကိုသာလိုသည့် ဒေသများအတွက် ပညာရေးဘက်၌လည်း လိုလေသေးမရှိအောင် မျက်မှောက် ခေတ်၌ ဖော်ဆောင်ပေးထားပုံကို အောက်ဖော်ပြပါ ယခင်နှင့်ယခု ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဇယားတွင် လေ့လာ တွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– ကျောင်းအင်အား	၃၃၉၄	၃၉၄၂	၅၄၈
– မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၉၉	၉၉
– e-Learning Centre	မရှိ	၄၁	၄၁
– ဆရာ၊ဆရာမဦးရေ	၁၅၆၆၁	၂၁၇၈၉	၆၁၂၈
– ကျောင်းသားဦးရေ	၄၇၁၁၃၂	၆၃၈၆၁၁	၁၆၇၄၇၉
– သူငယ်တန်းကျောင်းဝင်နှုန်း	၆၅.၇၇%	၉၅.၄၆%	၂၉.၆၉%
– သက်ကြီးစာတတ်မြောက်မှုနှုန်း	၈၅.၈၈%	၉၅.၀၀%	၉.၁၂%
– ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
– မူလတန်းအဆင့်	၄၃.၆%	၁၆.၁၈%	(–)၂၇.၄၂%
– အလယ်တန်းအဆင့်	၃၉.၁၈%	၁၇.၂၅%	(–)၂၁.၉၃%
အဆင့်မြင့်ပညာမြှင့်တင်မှု			
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၂	၂
– ဒီဂရီကောလိပ်	၁	၁	၀
– ပညာရေးကောလိပ်	၂	၂	၀
– e-Learning Centre	မရှိ	၄၅	၄၅
– သင်ကြားရေးအစီအစဉ်များ	၈	၅၃	၄၅
– ဆရာ၊ဆရာမဦးရေ	၂၄၀	၅၉၃	၃၅၃
– ကျောင်းသားဦးရေ	၃၄၈၈	၅၉၇၆၉	၅၆၂၈၁
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	မရှိ	၃	၃

သိပ္ပံနှင့်နည်းပညာ

စက်မှုဇုန်များ ထူထောင်ပေးထားသည်။ ဆည်တမံနှင့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးထားသည်။ ရထားလမ်း၊ကားလမ်းနှင့် လေယာဉ်ပျံကွင်းများ ဖောက်လုပ်ပေးထားသည်။ ရေနံမြေနှင့် သတ္တုသိုက်များလည်းရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံချမ်းသာကြွယ်ဝလာသည်နှင့်အညီ၊ နောင်တွင် ထိုမျှမက တည်ဆောက်ကြ ရပါဦးမည်။ ထူထောင်ကြရပါဦးမည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် ထူထောင်ရေးတာဝန်ကို မျိုးဆက်သစ်များက ပခုံးပြောင်း တာဝန်ယူကြရမည်ဖြစ်သည်။ ၁၉၈၈ ခုနှစ်က စတင်မွေးဖွားလာသော လူငယ်များသည် မိမိတို့၏ အမိအဖ ဆွေမျိုးသားချင်းများ ယခင်က မရခဲ့ဖူးသော အခွင့်အလမ်းများကို မျက်မှောက်ခေတ်၌ ရရှိနေကြသည်။ ပန်းတိုင်အရောက် လမ်းမှန်လျှောက်နိုင်ရေး သိပ္ပံနှင့်နည်းပညာကဏ္ဍဖြင့်လည်း မကွေးတိုင်း၌ လမ်းဖွင့်ပေးထားသည်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– အစိုးရနည်းပညာကောလိပ်(မကွေး)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၆	၆
– အစိုးရနည်းပညာကောလိပ်(ပခုက္ကူ)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၁၆၀	၁၆၀

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၁၇၆၁	၁၇၆၁
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၂၆၅၁	၂၆၅၁
– အစိုးရကွန်ပျူတာကောလိပ်(မကွေး)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– အစိုးရကွန်ပျူတာကောလိပ်(ပခုက္ကူ)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၄၆	၄၆
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၄၅၄	၄၅၄
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၁၀၃	၁၁၀၃
– အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	၅၃	၂၁၃	၁၆၀
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၁၇၁၆	၆၂၉၀	၄၅၇၄
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၂၃၁	၁၂၃၁

ကျန်းမာရေး

ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများအဖြစ် တိုင်းရင်းသားပြည်သူများ သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယ ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် မကွေးတိုင်း၌လည်း ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးတို့ကို ဟန်ချက်ညီညီ ဖော်ဆောင်ပေးနေသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါများကိုလည်း အဓိကထား တိုက်ဖျက်လျက်ရှိသည်။

သင်ကြားရေးဆေးရုံတစ်ရုံ အသစ်ဖွင့်လှစ်ပေးခဲ့ပြီး ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံ ယခင်တစ်ရုံသာရှိခဲ့ရာမှ နောက်ထပ်တစ်ရုံ တိုးချဲ့ဖွင့်လှစ်ပေးထားသည်။ ခုတင်(၁၀၀)ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ခြောက်ရုံ၊ (၂၅)ခုတင်ဆံ့ ငါးရုံ၊ (၁၆)ခုတင်ဆံ့ ၁၁ ရုံနှင့် တိုက်နယ်အဆင့်ဆေးရုံ (၁၁)ရုံအပါအဝင် ဆေးရုံပေါင်း ၆၆ ရုံ ရှိလာခဲ့သဖြင့် ယခင်ကထက် ၁၀ ရုံ တိုးတက်လာသည်။

အထူးကုနှင့် လက်ထောက်ဆရာဝန် ၂၃၇ ဦး အားဖြည့်ပေးထားသည်။ ကျန်းမာရေးဝန်ထမ်းအင်အား ယခင် ကထက် ၁၂၀၁ ဦး တိုးမြှင့်ခန့်ထားပေးခဲ့သည်။ ကျေးလက်ကျန်းမာရေးဌာနခုနစ်ခု အသစ်ဖြစ်ထွန်းလာသည်။ တိုင်းရင်း ဆေးရုံတစ်ရုံနှင့် ဆေးပေးခန်း ၁၈ ခန်းအထိ ရှိနေသည်။

တိုင်းဒေသအတွင်းနှင့် နီးစပ်ရာ ပြည်နယ်/တိုင်းများမှ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ ပေါ်ထွန်း လာရေးအတွက် မကွေးမြို့၌ ဆေးတက္ကသိုလ်တစ်ခုနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခု အသစ်ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၈၈ခုနှစ် နောက်ပိုင်း၌ မကွေးတိုင်း၏ ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာပအောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားပုံကို အောက်ပါအခြေပြဇယားတွင် တွေ့ရှိနိုင်သည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၅၆	၆၆	၁၀
ကျန်းမာရေးလုပ်ငန်းဌာနများ	၁၈၄	၁၉၂	၈
ကျန်းမာရေးဝန်ထမ်းများ	၁၆၂၇	၂၈၂၈	၁၂၀၁
– ဆရာဝန်	၁၈၇	၄၂၄	၂၃၇
– သူနာပြု	၂၂၉	၈၀၄	၅၇၅
– ကျန်းမာရေးဆရာမ	၁၅၁	၁၅၉	၈
– သားဖွားဆရာမ	၈၃၄	၁၀၀၂	၁၆၈
– ကျွမ်းကျင်ဝန်ထမ်း	၁၆	၃၅	၁၉
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၅	၅
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၂၅	၂၅
– လက်ထောက်ကျန်းမာရေးမှူး	၁၂၃	၁၄၆	၂၃
– ကြီးကြပ်(၁)/(၂)	၈၇	၂၂၈	၁၄၁
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	မရှိ	၁	၁
– တိုင်းရင်းဆေးပေးခန်း	၇	၁၈	၁၁
သင်တန်းကျောင်း			
– သူနာပြုသင်တန်းကျောင်း	မရှိ	၂	၂
– သားဖွားသင်တန်းကျောင်း	၁	၁	–
တက္ကသိုလ်များ	မရှိ	၂	၂
– ဆေးတက္ကသိုလ်	မရှိ	၁	၁
– အခြေခံကျန်းမာရေးတက္ကသိုလ်	မရှိ	၁	၁
– ဆရာ၊ဆရာမဦးရေ	မရှိ	၂၀၀	၂၀၀
– ကျောင်းသားဦးရေ	မရှိ	၃၆၈၇	၃၆၈၇

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

စီးပွားရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍသစ်သို့ တစ်ဆင့်တက်လှမ်းနေသော မကွေးတိုင်း၏ မြို့ရွာစည်ပင် ဖွံ့ဖြိုးတိုးတက်မှုကလည်း ဟန်ချက်ညီညီ မြင့်တက်နေသည်။ မြို့ပြလူနေမှုစနစ်နှင့် ကျေးလက်လူနေမှုစနစ် နှစ်ရပ်ဆက်စပ်မြှင့်တင်ပေးလျက်ရှိရာ ကတ္တရာလမ်း ၁၂၃မိုင်ကျော်အပါအဝင် မြို့ပြလမ်း ၄၅၄မိုင် ၁ဖာလုံအထိ ပြည့်စုံလာသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းကလည်း အောင်မြင်ပြီးမြောက် ခရီးတစ်ထောက်သို့ရောက်ရှိနေသည်။ ကျေးလက်လမ်း ၂၅၄၉ မိုင်အထိ အခက်အလက်ဖြာဝေလာသည်။

မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိသည့် မြို့ ၂၅ မြို့အနက် ၁၇မြို့တွင် ဆောင်ရွက်ပေးပြီးဖြစ်သည်။ အပူပိုင်းဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းဖြင့် မကွေးတိုင်းအတွင်းမှ ကျေးရွာများ ရေရရှိရေး ထိထိရောက်ရောက် ဆောင်ရွက်ပေးနေသည်။ ဆောင်ရွက်ပေးရန် ကျေးရွာ ၁၄၆၉ ရွာရှိရာ ကျေးရွာ ၁၂၉၂ ရွာ၌ လုပ်ငန်းပေါင်း ၁၇၇၃ ခု ပြီးမြောက်ခဲ့သည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြို့ပြဖွံ့ဖြိုးမှု			
– မြို့ပြလမ်းများမိုင်	**၂၃၇/၇**	**၄၅၄/၁**	**၂၁၆/၂**
– ကတ္တရာလမ်းမိုင်	၅၀/၃	၁၂၃/၃	၇၃/၀
– ကျောက်လမ်းမိုင်	၄၆/၃	၅၁/၇	၅/၄
– ဂဝံလမ်းမိုင်	၁၁/၇	၁၉/၄	၇/၅
– မြေလမ်းမိုင်	၁၂၉/၂	၂၅၉/၃	၁၃၀/၁
– မြို့ရေပေးရေးလုပ်ငန်း			
– ဆောင်ရွက်ရမည့်မြို့နယ်	၂၅	၈ (ပြီးစီး)	၁၇
– ပြီးစီးသည့်လုပ်ငန်း	၇	၁၇	၁၀
ကျေးလက်ဖွံ့ဖြိုးမှု			
– ကျေးလက်လမ်းများမိုင်	**၆၅၄/၅**	**၂၅၄၉/၀**	**၁၈၉၄/၃**
– ကတ္တရာလမ်းမိုင်	၁၂/၆	၆၁/၃	၄၈/၅
– ကျောက်လမ်းမိုင်	၉၃/၂	၂၂၄/၁	၁၃၀/၇
– ဂဝံလမ်းမိုင်	၂၇၂/၅	၂၂၀/၀	
အဆင့်မြှင့်တင်			
– မြေလမ်းမိုင်	၂၇၆/၀	၂၀၄၃/၄	၁၇၆၇/၄
– ကျေးလက်ရေရရှိရေး			
– ဆောင်ရွက်ရမည့်ကျေးရွာ	၁၄၆၉	၁၇၇	၁၂၉၂
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၁၇၇၃	၁၇၇၃
– ကျေးလက်အိမ်ရာ	မရှိ	၁၄၉	၁၄၉

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

ဒေသခံတိုင်းရင်းသားပြည်သူများ ပညာပြည့်ဝ နှလုံးလှစေရေးနှင့် နှိုင်းနှိုင်းချိန်ချိန် သုခမိန်ကဲ့သို့ အရာရာတွင် ချင့်ချိန်နိုင်ရေးအတွက် ပြန်ကြားရေးကဏ္ဍဖြင့်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ နိုင်ငံတော်က ပညာရေးအလင်းတံခါးများ တိုးမြှင့်ဖွင့်ထားပေးချိန်တွင် ပြန်ကြားရေးသတင်းတံတားများထိုးပြီး နိုင်ငံတော်နှင့်ပြည်သူများကို ပေါင်းကူးဆက်သွယ်ပေးလျက်ရှိသည်။ တက်ညီလက်ညီရှေ့ပြည်သစ်ဆီသို့ ချီတက်ကြရာတွင် ပြည်သူများ အမှားကိုဘေးဖယ်ပြီး အမှန်ကို ရွေးချယ်နိုင်ရေးအတွက် မကွေးတိုင်း၏ လူထုဆက်သွယ်ရေးနည်းလမ်းများကို အောက်ပါအတိုင်းတိုးမြှင့်ဆောင်ရွက်လျက်ရှိနေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁	၃	၂
– ပြန်/ဆက်ရုံးများ	မရှိ	၂၅	၂၅
– ပြန်/ဆက်စာကြည့်တိုက်များ	၁၀	၂၅	၁၅
– ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၂၅	၂၅
– ကျေးလက်စာကြည့်တိုက်	မရှိ	၁၄၂၀	၁၄၂၀
– e-Library များ	မရှိ	၄	၄
– ကိုယ်ပွားသတင်းစာတိုက်(မကွေး)	မရှိ	၁	၁

သမိုင်းတစ်ခေတ် ထွန်းသစ်နေသည့် မြန်မာနိုင်ငံ၌ နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူ များ၏ စုပေါင်းစွမ်းအားဖြင့် အောင်ပွဲ အလီလီ ရရှိနေသည်။

မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်ရှိ ရွှေချောင်းတံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း – မြန်မာ့အလင်း)

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲဆောင်ရွက်မည် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ ကြိုဆိုထောက်ခံပွဲ၌ အတည်ပြုဆုံးဖြတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၄ရက် နံနက်၉နာရီက ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ စင်းခန်းတံတားအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်၊ မန်စီမြို့နယ်၊ ရွှေကူမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာများမှ ပြည်သူများ စုစုပေါင်းအင်အား ၁၅၅၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဗန်းမော်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းမောင်သိန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဗန်းမော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်မောင်၊ ဗန်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ဝါဝါတင်၊ မန်စီမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဂျီးတောင်နှင့် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာရပ်မိရပ်ဖ ဦးထွန်းခဲ တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန်စီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စမ်းပပကဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် ဗန်းမော်မြို့နယ် ဟန်းတဲရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်သန်းသန်းဌေးက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ အသင်းဝင်မောင်မယ်များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မူပိုင်တေးသီချင်းဖြစ်သော“ရာသက်ပန်ပြည်ထောင်စု” တေးသီချင်းကို သီဆိုဖျော်ဖြေကြသည်။

နေ့ထူးနေ့မြတ်ကြီးဖြစ်

ယင်းနောက် သဘာပတိ ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းမောင်သိန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက်နေထိုင်သွားရန် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်နေ့က ရှမ်းပြည်နယ် ပင်လုံမြို့၌ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြကြောင်း၊ ဤဆုံးဖြတ်ချက်ချခဲ့သည့်နေ့သည် မြန်မာ့သမိုင်းတွင် ပြည်ထောင်စုနေ့ဟူ၍ နေ့ထူးနေ့မြတ်ကြီး ဖြစ်လာခဲ့ကြောင်း။

ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့ကြကြောင်း၊ တိုင်းတစ်ပါးလက်အောက်က လွတ်မြောက် အောင် ကြိုးပမ်းခဲ့ကြသည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု မှတ်တိုင်ကြီး အဖြစ် နှစ်စဉ်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးအောင်ကြိုးပမ်း

ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်လည်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နိုင်ရန် အရေးကြီးဆုံး လိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရှိရန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မြဲအောင် အကောင်အထည်ဖော် ဆောင်ရွက်နေရသကဲ့သို့ ပဓာနကျသည့် လိုအပ်ချက်များဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည် မြင့်မားရေးတို့ကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

အလေးအနက်ထောက်ခံ

ယခုအခါ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကိုစစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် ပုံဖော်တည်ဆောက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ချမှတ်ထားပြီး ဖြစ်သည့် သန္နိဋ္ဌာန်နှင့်အညီနိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာခင်ရက်ပိုင်းမှာပဲ နိုင်ငံတော်ကြီး၏အနာဂတ်အတွက် အသက်တစ်မျှ အရေးကြီးသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပတော့မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက အမျိုးသားညီလာခံကြီးကို အလေးအနက် ထောက်ခံကြရမှာဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ပဲ ဖြစ်ကြောင်း၊ ဤရည်မှန်းချက် ပန်းတိုင်ရောက်အောင် အကောင်အထည်ဖော်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အမြန်ဆုံးအောင်မြင်ရေးအတွက် အမျိုးသားရေး အင်အားစုကြီး ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီးက ပြည်သူလူထု တစ်ရပ်လုံးနှင့်လက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်

ဆက်လက်၍ မန်စီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်ဒေါ်ထုရှန်က ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ တင်ပြရာတွင် ပြည်ထောင်စုနေ့ကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် နှစ်စဉ်စည်ကား သိုက်မြိုက်စွာ ကျင်းပခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စွမ်းအားကို တည်ဆောက်နိုင်ခြင်းဖြင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်သည့် အစဉ်အလာကောင်းများအတွက် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရင့်သန် ခိုင်မာစေရန်အတွက် ဖြစ်ကြောင်း။

တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုရရှိခဲ့သည့် ပြည်ထောင်စုကြီး သန္ဓေတည်မွေးဖွားသန့်စင်ရာပင်လုံဒေသကို ဖွံ့ဖြိုးရေးအထူးဇုန်ကြီးအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သဖြင့် ယခုအခါ ပင်လုံဒေသသည် ပြည်ထောင်စုကြီး၏ ဘူမိနက်သန်အောင်မြေဆိုသည့် ဂုဏ်ဒြပ်နှင့်အညီ ဝင့်ထည်စွာရှိနေပြီဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ စင်းခန်းတံတားအနီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူအားလုံးမျှဝေခံစား

ယနေ့ နိုင်ငံတစ်ဝန်းလုံးကိုကြည့်လျှင် ငြိမ်းချမ်းရေး၏ အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝခံစားနေရပြီး တိုးတက်ဖွံ့ဖြိုးမှု၏အသီးအပွင့်များကို ပြည်သူများအားလုံး မျှဝေခံစားနေကြရပြီဖြစ်ကြောင်း၊ ပြည်နယ်/တိုင်း ဒေသ အားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးကာ ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးကို ဖြစ်ပေါ်စေကြောင်း။

ယခုအခါ တိုင်းရင်းသားညီအစ်ကိုများအကြား ရရှိသည့် ညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် ပြည်ထောင်စုကြီးကိုထိပါးနှောင့်ယှက်အောင်ဖန်တီးနေသော အဖျက်သမားများ၏ရန်ကို ဝိုင်းဝန်းဖယ်ရှားပြီး ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲအောင် မိမိတို့အားလုံး လက်တွဲဆောင်ရွက်သွားကြပါစို့ဟု တင်ပြသွားသည်။

နိုင်ငံတော်သစ်တည်ဆောက်နိုင်

ထို့နောက် ရွှေကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် နိုင်ငံတော်ကြီးကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး ရည်မှန်းချက်နှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် လူထုပရိသတ်ကြီးအပါအဝင် မိမိတို့နိုင်ငံသားအားလုံး ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သို့မှလည်း ခိုင်မာသည့် အနာဂတ် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရသည် စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ယခုအခါ အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ပြီ ဖြစ်သည့်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာမည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျတည်ဆောက်သွားရင်းဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်လုံး အောင်မြင်လာအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံးကြိုးပမ်း

နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးတို့၏ အကျိုးစီးပွားအဖြစ် ပေါ်ထွန်းလာမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့အပါအဝင် ပြည်သူတစ်ရပ်လုံးက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ ဤပြည်ထောင်စုကြီးကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာအောင် ဖော်ဆောင်ကျင်းပတော့မည့် အမျိုးသား ညီလာခံကြီးကို တန်ဖိုးထားလေးစားပြီး ဝိုင်းဝန်းကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

လက်တွဲပူးပေါင်း

ဆက်လက်၍ ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအောင်ဆန်းဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ တင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာ၌ ကျေးလက်စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍအပါအဝင်ကျေးလက်ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့ ဗန်းမော်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့် အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်နှင့် လည်းကောင်း၊ ပြည်သူလူထုနှင့်လည်းကောင်း လက်တွဲပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ဗန်းမော်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် ပေ၁၀၀ အောက်တံတား အစင်း၁၅၀၊ ပေ၁၀၀အထက် တံတားရှစ်စင်း၊ ပေ၁၈၀ အထက်တံတားကြီး ခြောက်စင်းတို့ကို ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ကြောင်း၊ ၁၃-၁-၂၀၀၅ ရက်တွင် ဖွင့်လှစ်ခဲ့သည့် စင်းခန်းတံတားကြီးသည် အရှည်ပေ၄၆၀ရှိပြီး၊ အကျယ် ၃၆ပေရှိကာ ငွေကျပ်သိန်းပေါင်း ၈၅၀၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့ကြောင်း၊ ကျောက်ခင်းလမ်းသစ် မိုင်ပေါင်း ၅၆မိုင်၊ ခြောက်ဖာလုံကိုလည်း တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အနေဖြင့် ဗန်းမော်ခရိုင်အတွင်း ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတမံ၊ ရေလှောင်ကန် စုစုပေါင်း ၁၃ခု တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် လက်ရှိလယ်မြေ ၄၅၂၁ဧကကို အကျိုးပြုနေပြီဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရှုံပါ နှစ်လက်မစက်ရေတွင်း ငါးတွင်း၊ ကွန်ကရစ်ရေတွင်း နှစ်တွင်း၊ လက်နှိပ်ရေတုံကင် ၁၀တွင်း၊အုတ်ရေကန်လေးလုံးတို့ကိုလည်း အသင်းကြီးနှင့် ပူးပေါင်းကာ ကျပ်သိန်းပေါင်း ၇၉သိန်းကျော် အကုန်အကျခံတည်ဆောက် ပေးခဲ့ကြောင်း။

ပံ့ပိုးနိုင်

ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ် အသီးသီးတို့သည် ကျေးလက်စာသင်ကျောင်းများ ပြုပြင်တည်ဆောက်ခြင်း၊ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း၊ ပညာသင်စရိတ် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ ကျေးလက်နေပြည်သူများ စာမတတ်သူပပျောက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကျောင်းသုံးပရိဘောဂ ပံ့ပိုးမှုများတွင် ငွေကျပ်ပေါင်း ၁၁သိန်း၊ နှစ်သောင်း၊ တစ်ထောင်တိတိကို ကျေးလက်ပညာရေး ကဏ္ဍများ၌ အသင်းအနေဖြင့် ပံ့ပိုးမှုများပြုလုပ်နိုင်ခဲ့ကြောင်း။

ကျေးလက်ဒေသစိုက်ပျိုးရေးအတွက် အသင်းအနေဖြင့် မံပုံအင်ရေလှောင် ကန် ရေထိန်းတံခါးကို ငွေကျပ် ၅၈၈၅၅၀ဖြင့် ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ဗန်းမော်ခရိုင်အတွင်း ကျေးလက်ဒေသ ကျန်းမာရေး အခန်းကဏ္ဍများ ဖြစ်သည့် ကျေးလက်ကျန်းမာရေးဆေးခန်းများ ပြုပြင်တည်ဆောက်ခြင်း၊ဆေးဝါး ကုသခြင်းများတွင်လည်း ငွေကျပ် ၁၃၉၉၅၀၀ကို အသင်းအနေဖြင့် ပါဝင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဗန်းမော်ခရိုင် အသင်းအဆင့်ဆင့်အနေဖြင့် စက်ရေတွင်းများ တူးဖော်ခြင်း၊ လက်နှိပ်တုံကင်များပြုလုပ်ခြင်း၊ ကွန်ကရစ်ရေကန်များ ပြုလုပ်ခြင်းများ တွင်လည်း ငွေကျပ် ၆၅၀၀၀၀ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

ကျေးလက် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက်လည်း တံတားဆောက်လုပ်ခြင်း၊ လမ်းများပြုပြင်ခြင်းများ၌ ငွေကျပ်၄၈၀၀၀၀ အသုံးပြုခဲ့ပြီးဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရောဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့နယ်အင်းမစ်ပြကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ၈ရက် နံနက်၇နာရီခွဲက ရောဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမစ်ပြကျေးရွာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊အလုပ်အမှုဆောင်များ၊ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှစည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ စုစုပေါင်း အင်အား ၇၀၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းနိုင်ကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပန်းတနော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်၊ ညောင်တုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်မြင့် (အငြိမ်းစား)၊ဓနုဖြူမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှစိန်နှင့်ပန်းတနော်မြို့နယ်မှ တိုင်းရင်းဆေးဆရာ ဦးမန်းဌေးလွင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပန်းတနော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအသင်းဝင် ဒေါ်ချိုချိုမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်မြင့်လှဲခိုင်တို့က ဆောင်ရွက်ကြသည်။

အလေးပြု

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်းကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ယင်းနောက် သဘာပတိ မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းနိုင်ကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နိုင်နိုင်အောင်ကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ မအူပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်စန်းစန်းလှိုင်က လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဓနုဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေအသင်း အရန်အလုပ်အမှုဆောင် ဦးမြတ်စိုးက လည်းကောင်း တင်ပြကြသည်။

ကြိုဆိုထောက်ခံ

ထို့နောက် ပန်းတနော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယဉ်ယဉ်နွယ်က ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံကြောင်း တင်ပြသွားသည်။

ယင်းနောက်သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအားကြိုဆို ထောက်ခံခြင်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထောက်ခံခြင်းအဆိုများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုက သဘောတူညီကြောင်း ဆန္ဒပြုကြသည့်အတွက် ဤ အခမ်းအနားကြီးက အတည်ပြု ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများက **“ပြည်မြန်မာ”** သီချင်းနှင့် **“ရာသက်ပန်ပြည်ထောင်စု”** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရောဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမစ်ပြကျေးရွာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

တစ်ခဲနက်ကြွေးကြော်

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက်၈နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ရွှေစွန်ညိုကြက်တောင်အသင်း နှစ်ပတ်လည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ကကြီးမှူး၍ နှစ်(၄၀)မြောက် ရွှေစွန်ညို ကြက်တောင်အသင်း၏ နှစ်ပတ်လည် ကြက်တောင်ပြိုင်ပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင် အားကစားခန်းမတွင် ဖေဖော်ဝါရီ၉ ရက်မှ ၁၂ရက်အထိ နေ့စဉ် ညနေ၄နာရီမှစ၍ ကျင်းပလျက်ရှိသည်။

အဆိုပါ ရွှေစွန်ညိုကြက်တောင်အသင်း၏ နှစ်ပတ်လည်ကြက်တောင်ပြိုင်ပွဲတွင် အသက်(၁၂)နှစ်မှ(၆၀)အတွင်းရှိ ကြက်တောင်အားကစားမောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းနှစ်ပတ်လည် ကြက်တောင်ပြိုင်ပွဲသို့ ရွှေစွန်ညိုကြက်တောင်အသင်း၏ အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၁၂ မှ

နိုဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ဆက်လက်ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ဇန်းမော်ခရိုင်အတွင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ကျေးလက်ရှိ မူလတန်းကျောင်းများအတွက် ငွေကျပ်၇၆၅၀၀၀တန်ဖိုးရှိ စာရေးခုံများ လှူဒါန်းခြင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဇန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းဆွေက ဇန်းမော်ခရိုင် ပညာရေးမှူးဦးအုန်းငွေထံ ပေးအပ်သည်။

ထောက်ခံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ထောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ဇန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုဘိုကျော်က ထောက်ခံ ဆွေးနွေးတင်ပြသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်းများနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ဆန္ဒသဘောထားရယူပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် လူထုကြီး၏ တစ်ခဲနက်ဆန္ဒပြုချက်အရ အစည်းအဝေးကအတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အသင်းဝင်မောင်မယ်များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏မူပိုင်တေးသီချင်း ဖြစ်သော **‘ပြည်မြန်မာ’** တေးသီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ဒို့တာဝန်အရေးသုံးပါး ကြွေးကြော်သံများဖြင့် နံနက်၁၀နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ရှမ်းပြည်နယ်လင်းခေးခရိုင် လင်းခေးမြို့နယ်ခန်းမ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၆ရက် နံနက်၉နာရီက ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအောင်ကျော်ဝင်း၊ ဦးစိုးတင်ထွေးနှင့် ဦးစိုးသီဟ၊ တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမိုးစည်သူ၊ လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်မြို့နယ်များနှင့် ကျိုင်းတောင်း၊ ဟိုမိန်းဒေသတို့မှ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ အင်အား၆၅၀ကျော် တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစံဝင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် လင်းခေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်း၊ လင်းခေးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်နှင်းရီ၊ လင်းခေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဦးသန်းညွန့်နှင့်လင်းခေးမြို့နယ် ရပ်မိရပ်ဖ ဦးစိုးဆန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် လင်းခေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းမိုးခမ်းကဆောင်ရွက်ကာ တွဲဖက်အခမ်းအနားမှူးအဖြစ်မောက်မယ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိသန္တာမောင်က ဆောင်ရွက်သည်။

ရှေးဦးစွာတက်ရောက်လာကြသူများကပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက်သဘာပတိလင်းခေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးစံဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင် အလုပ်အမှုဆောင် ဦးဇော်မြင့်က တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ လင်းခေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးထွန်းနိုင်ဦးက တင်ပြသည်။

ထို့နောက် လင်းခေးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းတင်တင်မြင့်က ရှင်းလင်းတင်ပြသည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်သုံးဦးတို့၏ တင်ပြချက်များကို လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးကျော်ဌေးက ထောက်ခံဆွေးနွေး တင်ပြသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထောက်ခံတင်ပြခြင်းတို့ကို တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ သဘောထားကို ရယူကာ ပြည်သူလူထုကြီးက တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုအားလုံးက အလေးအနက် ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းကာကွယ်မည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအား ပြည်သူ လူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူလူထုကြီးကကြိုဆိုထောက်ခံကြောင်းတို့ကို ဤအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများက **“ရာသက်ပန်ပြည်ထောင်စု”** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကာ အခမ်းအနားကို နံနက် ၉နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကောင်းမှုလုံစေတီတော်မြက်ခင်းပြင်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်ရှိ ကောင်းမှုလုံစေတီတော်မြက်ခင်းပြင်၌ ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီတွင် ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လီဆူ၊ ရဝမ်၊ ဂျိန်းဖောနှင့် တိုင်းခမ်းတီစသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ ကော်မတီဝင်များ၊ မချမ်းဘောမြို့နယ် နမ်ခမ်းကျေးရွာအုပ်စု၊ ထရန်ဒမ်းကျေးရွာအုပ်စု၊ ကောင်းမှုလုံကျေးရွာအုပ်စုနှင့် ပူတာအိုမြို့နယ် ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စုများမှ ပြည်သူများ စုစုပေါင်း ၉၂၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖုန်ရီမင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပူတာအိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ယမ်ထု၊ ပူတာအိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဦးဆာရ်ဝမ်ဖုန်၊ ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဦးကျိန်ခန်မန်းနှင့် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာအုပ်စုမှ ရပ်မိရပ်ဖ ဦးယောဆီတို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပူတာအိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မိုးသန္တာဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပူတာအိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာဖုန်းမော်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖုန်ရီမင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ မချမ်းဘောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကွမ်ဝါးနော်အောင်က လည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပူတာအိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အမှုဆောင် ဒေါ်ရှီကိုဟဲ့က လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်က ပူတာအိုခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဒိန်ခန်ဒါဝိက လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်က မြို့နယ်အလိုက်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးနှင့် ကျေးလက်ဒေသလမ်း၊ တံတားများ ပြုပြင်ရေးလုပ်ငန်းများအတွက် လှူဒါန်းကြသည့် ပစ္စည်းများနှင့် ပံ့ပိုးငွေများကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလီရဲဂျာက မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များအား ပေးအပ်သည်။

ဆက်လက်၍ ပူတာအိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်လူငယ်မောင်မယ် ၃၀က အသင်း၏ မူပိုင်တေးသီချင်းဖြစ်သော **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပူတာအိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရားနီက ထောက်ခံဆွေးနွေးသည်။

တစ်ခဲနက်ထောက်ခံ

ယင်းနောက် သဘာပတိက အဆိုသုံးရပ်နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထု၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုက တစ်ခဲနက်ထောက်ခံကြောင်း ဆန္ဒပြုကြသဖြင့် ဤအစည်းအဝေးက အတည်ပြုကြောင်းကြေညာပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
အမှတ် ၉၀၊ သစ္စာလမ်း၊ ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့

ရက်စွဲ၊ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်အောက်ရှိ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကျောက်ပုထိုး ရွှေထုတ်လုပ်ရေးသတ္တုတွင်း၌ မြေသားဖယ်ရှားစုပုံခြင်းလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် ချိပ်ပိတ် တင်ဒါများတင်သွင်းရန် တင်ဒါခေါ်ယူကြောင်း ကြော်ငြာအပ်ပါသည်။

ဆောင်ရွက်မည့်နေရာ	–	**စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ ကျောက်ပုထိုးရွှေထုတ်လုပ်ရေးသတ္တုတွင်း**
ဆောင်ရွက်မည့်လုပ်ငန်း	–	**သတ္တုရိုင်းမြေစာများ ဖယ်ရှား၊ သယ်ယူ၊ ရွှေ့ပြောင်းခြင်းလုပ်ငန်း**

၂။ တင်ဒါတင်သွင်းသူသည် စက်ယန္တရားအသုံးပြု၍ မြေသားဖယ်ရှားခြင်းလုပ်ငန်း အတွေ့အကြုံရှိရမည်။

၃။ မြေသားလုပ်ငန်းဆောင်ရွက်ရာတွင် ဌာနမှ ဆီပံ့ပိုးနိုင်က ဆောင်ရွက်နိုင်မည့် မြေသားတစ်ကျင်းဈေးနှုန်း၊ ဌာနမှ ဆီပံ့ပိုးနိုင်ခြင်းမရှိက ဆောင်ရွက်နိုင်မည့် မြေသားတစ်ကျင်းဈေးနှုန်းတို့အား တွက်ချက်တင်ပြရမည်။

၄။ တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်သည်။

ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်း)
စီမံကိန်းဌာနခွဲ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)
သတ္တုတွင်းဝန်ကြီးဌာန
အမှတ် ၉၀၊ သစ္စာလမ်း၊ ကံဘဲ့၊ ရန်ကင်း၊
ရန်ကုန်မြို့။
ဖုန်း–၅၆၂၅၄၅

၅။ တင်ဒါကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။

၆။ အသေးစိတ်အချက်အလက်များသိလိုပါက အထက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၏ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

သီတဂူဆရာတော်ကြီး၏ တပည့်သာသနဓဇဓမ္မာစရိယ+ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ ၁၁ရက်နှင့် ၁၂ရက်တို့တွင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ဖိုးဝင်းတပ်ရွာ ဝက်လက်မြို့နယ်၊ ၁၃ရက်ည ဇောတိကဓမ္မာရုံ စက်မှု(၁)မန္တလေး၊ ၁၅ရက်ည ဝေဇယန္တာကျောင်း တိုက်စက်မှုဇုန် မုံရွာ၊ ၁၆ ရက်ည ၈၉(၂၄x၂၅ကြား)သင်းသီရိ ဘုရားပွဲ မန္တလေး၊ ၁၇ရက်ည ရန်အောင်မြင်ဘုရားပွဲ ထုံးဘိုရွာ မန္တလေး၊ ၁၈ရက်ည ပျော်ဘွယ်မြို့၊ ၁၉ ရက်ည ၂၄ဆူဘုရား မတ္တရာမြို့၊ ၂၀ရက် (ဆည်းဆာ) အုန်းခြံရပ် မုံရွာမြို့နှင့် ၎င်းည ၈နာရီ မိုးကောင်းဘုရား အလယ်ရပ် မုံရွာမြို့၊ ၂၁ရက်(ဆည်းဆာ) ရန်အောင်မြင်ဘုရား စစ်ကိုင်းနှင့် ၎င်းည၈နာရီ ကန်တော်ရပ် အမရပူရမြို့၊ ၂၂ရက်ည အောင်ဇမ္ဗူ ဆရာတော် ထီးတင်ပွဲ မော်လမြိုင်မြို့ မွန်ပြည်နယ်၊ ၂၃ရက်ည မဟာ ဝိဇယစေတီ ဗုဒ္ဓပူဇနိယပွဲ ရန်ကုန်မြို့၊ ၂၄ရက်ည သံရွာ ကျောက်ဆည်၊ ၂၅ရက်ည(ဆည်းဆာ) ဖွားစောရွာ မြောင်မြို့တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာရှိ ရာဇမုနိဘုရားတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စုစုပေါင်း အင်အား ၁၈၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရပ်မိရပ်ဖ ဦးမျိုးအောင်၊ ဂန့်ဂေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဂန့်ဂေါမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လေးရီနှင့် ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးတာဝန်ခံ ဒေါ်ခင်ဝင်းကြည်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ကြည်ကြည်အေးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဂန့်ဂေါမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရီရီဆွေက လည်းကောင်း ဆောင်ရွက်ကြသည်။

အလေးပြု

အစီအစဉ်အရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက ဂုဏ်ပြုတေးသီချင်းကို သီဆိုကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ဂန့်ဂေါခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နုနုအောင်က လည်းကောင်း၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံတင်ပြခြင်းနှင့် စပ်လျဉ်း၍ ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှသောင်းဝင်းက လည်းကောင်း၊ ဂန့်ဂေါခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန်းစန်းမြင့်ကလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ပေးအပ်

ထို့နောက် ဂန့်ဂေါခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် ၂၅သိန်းကို မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးအောင်မင်းက ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဗိုထွေးသို့ ပေးအပ်သည်။

ဆက်လက်၍ ဆောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးငွေမောင်က အဆိုသုံးရပ်နှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

ထို့နောက် သဘာပတိက ပြည်သူလူထု၏သဘောထားကို ရယူ၍ ပြည်ထောင်စုနေ့ကို အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းနှင့် ဂန့်ဂေါခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆိုကြောင်း ဆုံးဖြတ်ချက်အား အတည်ပြုကြောင်း ကြေညာပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့်အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မဲဇလီမိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲဇလီကျေးရွာအုပ်စု အောင်သိဒ္ဓိကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၃၀၂)၏ နှစ်စဉ်ကျင်းပအပ်သော တရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်၊ သိက္ခာထပ်မင်္ဂလာကို ဖေဖော်ဝါရီ ၁၃ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ တေဇိန္ဒ(B.Sc, Phy)က ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ယင်းမာပင်မြို့နယ်တွင် ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ရှင်းလင်းဆွေးနွေး

ယင်းမာပင် ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွှေပန်းခိုင်ကျေးရွာ၏ ပညာ့ဗိမာန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ယင်းမာပင်မြို့နယ် ရွှေပန်းခိုင်ကျေးရွာ ရွာဦးဆရာတော်ကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပညာ့ဗိမာန်စာကြည့်တိုက်ကို မုံရွာခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးတင်ဝင်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တိုင်းအမှုဆောင်တို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာကြည့်တိုက် အတွက် အလှူငွေကျပ် ငါးသောင်း၊ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ မျိုးစုံ အုပ်ရေ ၅၀၀ကျော်ကို ပညာဒါန အလှူရှင်များက လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(တိုင်း ပြန်/ဆက်)

ညောင်တုန်းမြို့နယ် လက်ပံချောင်း ကျေးရွာတွင် ဆောင်ရွက်လျက် ရှိသော လက်ပံချောင်း-ရှမ်းစုကျေးရွာ ချင်းဆက်ကျေးလက်လမ်း ကျောက်ချော လမ်းခင်းမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ဇန်နဝါရီ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ရှင်းလင်းပြသစဉ်။ (ဝဇိရ)

ဓနုဖြူမြို့နယ်တွင် ဆရာဦးဘိုးမှတ် စာကြည့်တိုက်ဖွင့် အဆောက်အအုံ၊ ပရိဘောဂနှင့် စာအုပ်စာတမ်းများလှူဒါန်း

ဓနုဖြူ ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် သပြူကြားစုကျေးရွာတွင် ဆရာကြီးဦးဘိုးမှတ်အား အမှတ်တရဂုဏ်ပြုသောအားဖြင့် ဆရာဦးဘိုးမှတ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မတည်အလှူရှင် ဆရာကြီးဦးဘိုးမှတ်၏သားဖြစ်သူ ဦးကျော်ငြိမ်း(အင်အားကစားဂျာနယ် ဦးဆောင်နာယက)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်၊ ဦးကြည်ညွှန့် (စစ်ကိုင်းကြည်ညွှန့်)၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဦးဆောင်နာယက ဦးကျော်ငြိမ်းနှင့် အမှတ် (၁) အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဦးတိုးမြင့်တို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အဆောက်အအုံနှင့် ပရိဘောဂအတွက် အလှူငွေကျပ် ၂၅သိန်းနှင့် စာအုပ်စာတမ်းစုစုပေါင်း ၅၄၁၂အုပ်ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြောင်းသိရသည်။ **(က-ပ)**

ရေစက်ရုံနှင့် လမ်းများ အရာတော်မြို့၌ ဆောင်ရွက်

အရာတော် ဖေဖော်ဝါရီ ၂

မြို့နယ် စည်ပင်သာယာရေး အဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် ကံပေါ် ရေပေးဝေရေးစခန်း ရေစက်ရုံအမှတ်(၂)မှာ တွင်းအနက်ပေ ၃၈၀ ရှိပြီး တစ်နာရီလျှင် ရေဂါလန် ၆၀၀၀ ထွက်ရှိသည်။

လမ်းလုပ်ငန်းများအနေဖြင့် နှင်းဆီလမ်းကတ္တရာခင်းခြင်း အရှည် ၉၂၄ ပေ၊ အကျယ် ၁၂ ပေနှင့် ခတ္တာလမ်းကတ္တရာခင်းခြင်းအရှည်၅၉၄ပေ၊ အကျယ် ၁၂ ပေတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(နယ်စပ်/စည်ပင်)**

ညောင်ဦးခရိုင် ကျေးရွာစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းများဖွင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

ညောင်ဦး ဇန်နဝါရီ ၂၅

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ညောင်ဦးခရိုင်အတွင်း တည်ထောင်ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဇန်နဝါရီ ၁၀ရက်က ဖြူကြီးကျေးရွာအုပ်စု၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၀ရက်တွင် တူရွင်းတိုင် ကျေးရွာအုပ်စု၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၂/၂၀၀၅)ကိုလည်းကောင်း ဖွင့်လှစ် သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်တင်မြလွင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က စာကြည့်တိုက်မိတ်ဆက်၊ စာကြည့်တိုက် ပညာဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းများသို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုးခုမှ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက် တာဝန်ခံများနှင့် ကျေးရွာများမှ စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မြဟသ်ာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးဟောပြော

လားရှိုး ဖေဖော်ဝါရီ ၃

လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမှတ်(၁၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြဟသ်ာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အမှတ်(၁၂) ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းမြင့်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဟောပြော

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးဟောပြောသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀ ကို ပေးအပ်လှူဒါန်းရာ အမှတ်(၁၂) ရပ်ကွက်ဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြ ရေပေးရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ရက်က ဘုရားချောင်းရပ်ကွက်တွင် ဝါးတားဂျက် စက်ဖြင့် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန် ထမ်း များ ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

တောင်ကြီး ဖေဖော်ဝါရီ ၃

တောင်ကြီးမြို့ ရုပ်ရှင်လုပ်ငန်းစုရုံးမှဌာနခွဲမှူး ဦးသိမ်းအေး ဦးဆောင်သည့် ရုပ်ရှင်လုပ်ငန်းစုရုံးဝန်ထမ်းများ၊ မော်ကွန်းရုပ်ရှင်အဖွဲ့စုရုံးဝန်ထမ်းများနှင့် မြသုခရုပ်ရှင်ရုံဝန်ထမ်းများအား ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁နာရီက တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲ ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းနှင့် မီးငြိမ်းသတ်ပုံနည်းစနစ်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (က-ပ)

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်မည်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၄၂)ကြိမ်မြောက်အဖြစ် မရမ်းကုန်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၁။ ၁၃၆၆ ခုနှစ် တပို့တွဲလဆုတ် ၅ ရက်မှ ၇ ရက်နေ့အထိ (၂၈-၂-၂၀၀၅)ရက်မှ(၂-၃-၂၀၀၅)ရက်ထိအသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်။

၂။ ၁၃၆၆ ခုနှစ် တပို့တွဲလဆုတ် ၇ရက်(၂-၃-၂၀၀၅)ရက် ညနေ(၅:၀၀) နာရီ ပွဲတော်ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပမည်။

၃။ ၁၃၆၆ခုနှစ် တပို့တွဲလကွယ်နေ့ (၉-၃-၂၀၀၅)ရက်နေ့ ညနေ(၄:၀၀) နာရီတွင် သံဃာတော်အပါး ၂၀၀တို့အား ဆွမ်းလောင်းလှူ၍ ပွဲတော်ပိတ်သိမ်းပွဲ ကျင်းပပြုလုပ်မည်။

(က)ပျော်ပွဲရွှင်ပွဲများကို (၂-၃-၂၀၀၅) ရက်မှ(၁၂-၃-၂၀၀၅)ရက်ထိ မိုးမင်းဇာတ်သဘင်၊ ရွှေမန်းဇာတ်သဘင်၊ ရုပ်ရှင်ဇာတ်ကားများဖြင့် လည်းကောင်း ကပြဖျော်ဖြေမည်ဖြစ်ပါသည်။

(ခ) အလှူရှင်များအနေဖြင့် ရင်ပြင်တော်ပေါ်ရှိ ဘုရားသုံးဆူတန်ဆောင်း၊ သာသနိက အဆောက်အအုံများ၊ ဗုဒ္ဓဝင်ပြတိုက်၊ တောင်ဘက်စောင်းတန်း များကို ပြုပြင်ဆောက်လုပ်ရန်နှင့် ပွဲတော်ရက်အတွင်း ဆွမ်းကွမ်းဝေယျာဝစ္စ အတွက် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့် ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဂေါပကအဖွဲ့(ကျိုက်ဝိုင်းစေတီတော်)။

ငှားရန်ရှိသည်

၁၀ ပေ၊ ၁၄ ပေ၊ ၁၆ပေ၊ ပုံးရိုက်ပြီးကားများ ငှားရန်ရှိသည်။

ဆက်သွယ်ရန်

ဖုန်း-၅၃၈၆၈၂၊ ၅၃၈၆၇၄။

ဝယ်လိုပါသည်

ငါးဆူတောင်ဒေသ ပတ်ဝန်းကျင် အတွင်း မြေ ၁၀ ဧကကျော် ဝယ်လိုပါသည်။

ဆက်သွယ်ရန်

ဖုန်း-၅၃၈၆၈၂၊ ၅၃၈၆၇၄။

(၅၇)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် ချစ်ဒယ်ဒီ ဦးနေထွန်း (အငြိမ်းစား ဗိုလ်မှူးကြီး)နှင့် ချစ်မာမီ ဒေါ်ခင်လှလှတို့၏ (၁၁-၂-၂၀၀၅)ရက်တွင် ကျရောက်သော (၅၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်မင်္ဂလာနှစ်များစွာတိုင်အောင် ချစ်သား၊ သမီး၊ မြေးများ နှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်သားနှင့်ဇနီးများ - ဦးသောင်းထွန်း
ဦးအံ့ထွန်း-ဒေါ်အိအိခင်
ဦးရဲထွန်း

ချစ်သမီးနှင့်ခင်ပွန်းများ - ဦးမျိုးသန့်-ဒေါ်စန်းစန်းထွန်း
ဦးစောလှိုင်-ဒေါ်ခင်ခင်ထွန်း
ဦးသန်းနိုင်-ဒေါ်အေးအေးထွန်း

ချစ်မြေးများ - ပြည့်စုံ၊ မီးငယ်၊ အပါကြီး၊ အပါလေး၊ ကစ်ကစ်၊ ပုံ့ပုံ့၊ ပန်ပန်၊ ပိုပို၊ ဂျူဂျူ၊ သဲသဲ။

မွေးနေ့ဆုတောင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးဌေးမြင့်(ဥက္ကဋ္ဌ- မြိတ်အသင်း၊ ရန်ကုန်မြို့)

ဖေဖော်ဝါရီလ ၆ ရက်တွင် ကျရောက်ခဲ့သော ဦးဌေးမြင့်၏ မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံနှင့် လောကီလောကုတ္တရာ အကျိုး၊ မြိတ်သူမြိတ်သားများနှင့် မြိတ်အသင်းအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အကြံပေးနာယကများ၊ အမှုဆောင်များ၊
မြိတ်အသင်း၊ ရန်ကုန်မြို့။

(၆) နှစ်ပြည့် မင်္ဂလာဆုတောင်း

မိုးပွင့်မြိုင် ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးကျော်နှင့် ဒါရိုက်တာ ဒေါ်အေးအေးဟန် တို့၏ ၃၀-၁-၂၀၀၅ ရက်တွင် ကျရောက်ခဲ့သော (၆)နှစ်ပြည့် မင်္ဂလာခရီးမှသည် နောင်နှစ်ပေါင်းများစွာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းစသည့် ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသောဘဝကို ပျော်ရွှင်စွာ ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ခြွေလျက်။

နှစ်ဖက်မိဘ၊ ညီအစ်ကို၊ မောင်နှမများနှင့်
ကုမ္ပဏီဝန်ထမ်းများ(ကော့သောင်းမြို့)
Funny Face DESTOP (ရန်ကုန်မြို့)။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ခြံအမှတ် ၁၅၊ ကန်တော်မွန်အိမ်ရာနေ
ဦးကိုကိုလတ် (ကြည်သာရွှေဆိုင်) အား
၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က
သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်
ချီးမြှင့်ခံရသည့်အတွက်
လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုပါကြောင်းနှင့် ဆက်လက်၍
နိုင်ငံနှင့် လူမျိုးအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးဆန်းထွန်း(နယူးပုံနှိပ်တိုက်)
ဦးထိန်ဝင်း(ပြည့်ဖြိုးလင်းခိုင်ရွှေနှင့် ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)
ဦးမြင့်ဟန်(ပြည့်စုံပရိဘောဂ)
ဦးသန်းအောင် (တရားရုံးချုပ်ရှေ့နေ)
ဦးဌေးဝင်း။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

အမှတ် ၄၇၊ အခန်း ၈၊ ၄လွှာ (ယာ) မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ် ကန်/ တောင်ရပ်ကွက်၊ ရန်ကုန်မြို့နေ၊ မှတ်ပုံတင်အမှတ် K/RGN - ၀၀၄၄၂၂၊ ၁၂/မဂတ(နိုင်) ၀၄၅၉၂၆ ကိုင်ဆောင်သူ ကျွန်တော်ဦးဇော်မျိုးလွင်၏ ဇနီးဖြစ်သူ ဒေါ်ဖြူဖြူဝင်း မှတ်ပုံတင်အမှတ်- E/ RGN - ၀၂၃၅၉၀၊ ၁၂/ကတတ(နိုင်) ၀၁၂၂၁၉ သည် ၎င်း၏ သဘောဆန္ဒအတိုင်း၅-၁-၂၀၀၅ ရက်တွင် အဆိုပါနေအိမ်မှ ဆင်းသွားပါသဖြင့် ဒေါ်ဖြူဖြူဝင်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)
ဇော်မျိုးလွင်
K/ RGN -၀၀၄၄၂၂
၁၂/မဂတ(နိုင်) ၀၄၅၉၂၆။

ဓာတ်လှေကား(၂)စင်း ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသော ပုပ္ပားမျှော်စင် (အဆောက်အအုံ)တွင် တပ်ဆင်ပေးမည့် ဓာတ်လှေကား (၂)စင်းအတွက် ချိပ်ပိတ်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

၂။ စျေးနှုန်းလွှာတင်သွင်းလိုသူများအနေဖြင့် တင်သွင်းလိုသော စျေးနှုန်းနှင့် တကွ ၂၈-၂-၂၀၀၅ရက်(တနင်္လာနေ့) ၁၆:၀၀နာရီ နောက်ဆုံးထား၍ အင်ဂျင်နီယာဌာနအဆောက်အအုံသို့ တင်သွင်းလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဖုန်း- ၃၇၉၆၁၈၊ ၃၈၁၃၇၇၊ ၂၄၉၅၂၅သို့ မေးမြန်းစုံစမ်း နိုင်ပါသည်။

အင်ဂျင်နီယာဌာနအဆောက်အအုံ၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။



ဇန်နဝါရီ ၂၈ ရက်က တောင်သာမြို့နယ်ထန်းပေါက်ကုန်းကျေးရွာ တွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကျေးရွာဥက္ကဋ္ဌ ဦးသောင်းထံ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံချက်လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနဦးစီးရုံးချုပ် စီမံကိန်းနှင့် စာရင်းအင်းဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်သည် မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) သစ်တော ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက်မှ ၄ရက်အထိ မကွေးတိုင်းနှင့် ပဲခူးတိုင်း (အနောက်ပိုင်း)ရှိ ပဲခူးရိုးမ စိမ်းလန်း စိုပြည်ရေး စီမံချက်လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေး

ထို့နောက် တောင်တွင်းကြီး မြို့နယ် ကင်မွန်းတောင် ကြိုးဝိုင်းတွင် တည်ထောင်ခဲ့သည့် ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်းအားလည်းကောင်း၊ ၂၀၀၅ခုနှစ် မိုးရာသီတွင် တည်ထောင်မည့် သီးခြားကျွန်းစိုက်ခင်းတွင် မြေပြုပြင်ခြင်းနှင့် ပျိုးဥယျာဉ် တည်ထောင်ခြင်း လုပ်ငန်းများကို လည်းကောင်း ကွင်းဆင်း စစ်ဆေးသည်။

ဆက်လက်၍ သာယာဝတီခရိုင် မင်းလှမြို့နယ် မင်းလှကြိုးဝိုင်းနှင့် မုက္ခာကြိုးဝိုင်းတို့တွင် ၂၀၀၄ခုနှစ် တည်ထောင်ခဲ့သည့် သီးခြားကျွန်း စိုက်ခင်း၊ ၂၀၀၅ခုနှစ် မိုးရာသီတွင် တည်ထောင်မည့် သီးခြားကျွန်းစိုက်ခင်းမြေ ပြုပြင်ခြင်းနှင့် ကျွန်းငုတ်တက် ပျိုးဥယျာဉ်လုပ်ငန်းများနှင့် ဝါးပျိုးဥယျာဉ် တို့ကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိ ဝန်ထမ်းများအား လုပ်ငန်းများ အချိန်ကိုက်စံချိန်မီ ပြီးစီးအောင်မြင်ရေး မှာကြားဆွေးနွေးသည်။ **(က-ပ)**

ကင်ပွန်းစခန်း တောင်တက်မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျိုက်ထို ဖေဖော်ဝါရီ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် အနီးသို့ ပြေးဆွဲလျက်ရှိသည့် ကင်ပွန်း စခန်းတောင်တက်မော်တော်ယာဉ် အသင်း ၂၀၀၅ ခုနှစ် ဥက္ကဋ္ဌဒိုင်း- ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော် ဝါရီ ၁ ရက်က ကင်ပွန်းစခန်းတောင် တက်ကားဂိတ်ဝင်းတွင်ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် ဟီးနိုးအသင်းနှင့် အီဆူစူးအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ ဟီးနိုးအသင်းက အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနား ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော ဟီးနိုးအသင်းအား ကင်ပွန်းစခန်း တောင်တက်မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးဝိလွင်က ဒိုင်းဆုချီးမြှင့်ပြီး အခြားဆုများကို ဆံတော်ရှင် ကျိုက် ထီးရိုး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ရင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

(အပေါ်ပုံ) (၂၉၄)

ဖေဖော်ဝါရီ ၆ ရက်က ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကလေး များ ကဗျာ ရွတ်ဆို ပြိုင်ပွဲနှင့် ကာယ အလှ မောင်မယ် ပြိုင်ပွဲကို ဗဟန်း မြို့နယ် အထက (၂)ကျောင်းခန်းမ တွင် ကျင်းပရာ ကာယအလှမယ် ပြိုင်ပွဲတွင် မသဲ မြတ်နိုး ပါဝင် ယှဉ်ပြိုင်စဉ်။

(မြန်မာ့အလင်း)

ကျောက်မဲ ဖေဖော်ဝါရီ ၃

ကျောက်မဲတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း စီစဉ်ကျင်းပသော စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက် မွန်းတည့် ၁၂ နာရီက ကျောက်မဲမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးမောင်မောင်က ဖတ်ကြားသည်။ ထို့နောက်စာရေး ဆရာများဖြစ်ကြသော မြင်းမူ မောင်နိုင်မိုး၊ ဒါရိုက်တာ မောင်ဝဏ္ဏနှင့် ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောကြသည်။

ဆက်လက်၍ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက မြန်မာနိုင်ငံစာပေနှင့် စာနယ် ဇင်းအဖွဲ့ (ဗဟို)သို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာ နိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင် ကော်မတီဝင် ဒုတိယ ဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (မြင်းမူ မောင်နိုင်မိုး)က လက်ခံရယူခဲ့ကြောင်း သိရသည်။

(က-ပ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ ညစာစားပွဲစီစဉ်ထားမှုနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ အစမ်းကပြမှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်း၌ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရေးအတွက် ခင်းကျင်းစီစဉ်ထားရှိမှုများနှင့် ညစာစားပွဲတွင်တင်ဆက်မည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့်အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတွင် တင်ဆက်ကပြမည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့်အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု နာနတ်တောခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်၍ အောင်မြင်စွာပြီးစီးသွားသော နာနတ်တောခုံးကျော်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဗဟိုလမ်းနှင့် နာနတ်တောလမ်းဆုံအနီး နာနတ်တောခုံးကျော်တံတားထိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ ***စာမျက်နှာ ၅ ကော်လံ ၁*** ●

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူ တည်ဆောက်၍ အောင်မြင်စွာပြီးစီးသွားသော နာနတ်တောခုံးကျော်တံတားကို ဖွင့်ပွဲအပြီး တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❐ **အဖျက်ရန်စွယ်အသွယ်သွယ်အား ဝိုင်းပယ်တိုက်ဖျက်ကြစို့လား**

ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ ကဗျာ(စာ-၆)

❐ **စည်းလုံးခြင်းသည် အောင်မြင်ခြင်းဖြစ်သည်ဟု မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်မှုက သက်သေပြုနေသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုအောင်ပွဲ အောင်ပန်းအောင်စခန်းများဖြင့် ပြည့်လျှမ်းနေသည့် မကွေးတိုင်းကလည်း ညီညွတ်ခြင်းသည်အင်အား အထင်အရှားဖြစ်သည်ဟု ယခုလိုဖွင့်ဆိုနေပေသည်။**

သီဟအောင်၏ ဆောင်းပါး(စာ-၈၊ ၁၀နှင့် ၁၁)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပပုံ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပပုံများကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) နံနက် ၇ နာရီမှ စတင်၍ မြန်မာ့အသံနှင့်မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)